မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၁၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျေးလက်စီးပွားရေးမြင့်မားရန် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးမှုအခြေခံကျ စိုက်ပျိုးရေးအပြင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ရန်စီမံ တစ်သီးစားသာမက နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးထုတ်လုပ် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၃

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံ လမ်းပိုင်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းကျင်းနေမှု အခြေအနေနှင့် ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝမြစ်ရေ တိုက်စားမှုကြောင့် မြေထိန်းနံရံဆောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုနေမှုနှင့် မြေထိန်းနံရံ ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးဖြစ်သည့် ကျေးရွာအချင်းချင်း ဆက်သွယ်သည့်လမ်းများနှင့် ကျေးရွာနှင့် မြို့များဆက်သွယ်သည့် လမ်းများကို ဖောက်လုပ်ရန် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ကြရမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်)

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမည့် ရော်ဘာတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားစေရေးအတွက် စီမံကိန်းများကို စနစ်တကျချမှတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်ရှိ လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးကို ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းရေးအတွက် တောင်သူလယ်သမားများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ဧက ထောင်သောင်းချီသည့် ထုထည်ပမာဏကြီးမားသော စက်မှုလယ်ယာပေါ်ထွန်းရေးကိုလည်း အားပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က အဓိကသီးနှံ ၁၀မျိုး တိုးတက်စိုက်ပျိုးရေး အားပေးဆောင်ရွက်လျက်ရှိသည်။ ပဲအမျိုးမျိုးကဲ့သို့ ပြည်ပပို့ကုန်သီးနှံများ၊ ဆီအုန်းကဲ့သို့ သွင်းကုန်အစားထိုး ဆီထွက်သီးနှံများ၊ ရော်ဘာကဲ့သို့ စက်မှုကုန်ကြမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိပြီး လမ်း၊ တံတား၊ ဆည်မြောင်းတာတမံ၊ စက်ရုံ အလုပ်ရုံ တည်ဆောက်ရေးစီမံကိန်းများ ပိုမိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုလာနိုင်မည် ဖြစ်သည်။

ရော်ဘာသည် နှစ်ရှည်သီးနှံဖြစ်ပြီး စက်မှုကုန်ကြမ်းသီးနှံလည်းဖြစ်သည်။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း အချို့နေရာများမှလွဲ၍ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ နိုင်ငံတော်က မြန်မာ့ရွှေဖြူ ရိုးမကိုလွှမ်းစေရမည်ဟူသော ဆောင်ပုဒ်ဖြင့် တစ်နိုင်ငံလုံးတွင် ဧကတစ်သန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ရော်ဘာပင်များ ပျိုးထောင် စိုက်ပျိုးလျက်ရှိသည်။ ကျိုင်းတုံကောလိပ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တောင်ကုန်းများတွင် ရော်ဘာနှင့် ကြက်ဆူပင်များ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေသည်။ ကျိုင်းတုံ–တာချီလိတ် လမ်းဘေးဝဲယာတို့၌လည်း ရော်ဘာနှင့်နေကြာများ စနစ်တကျ စိုက်ပျိုးထားသည်။ နွေစပါး၊ သရက်၊ သံပရာ၊ ကြက်ဆူပင် အပါအဝင် စိုက်ပျိုးရေးသီးနှံများ တိုးချဲ့စိုက်ပျိုးရန်လည်း မြေယာများဖော်ထုတ်လျက်ရှိသည်။ PRIM-623 အမျိုးအစား ရော်ဘာပင်နှင့် T-774 ရော်ဘာမျိုးများကိုလည်း ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စုရှိ မြန်မာ့ရွှေဖြူရော်ဘာခြံတွင် ရော်ဘာပျိုးပင်ပေါင်းနှစ်သိန်းစုဆောင်းထားရှိပြီး ရော်ဘာဧက ၆၀၀အထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြန်မာ့ရွှေဖြူရော်ဘာခြံတွင် ရော်ဘာစိုက်ခင်း ဧက ၃၂၀၌ ရော်ဘာပင်ပေါင်း၈၇၀၀၀ကို ၁၉၉၇ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ ရော်ဘာ၇၅ဧက၌ ရော်ဘာစေးများကို စတင်ခြစ်ယူထုတ်လုပ်လျက်ရှိကြောင်းနှင့် RRM-600၊ RRM-702 နှင့် GT-1 ရော်ဘာမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ဒေသခံပြည်သူများ ရော်ဘာကိုစီးပွားဖြစ် စိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များကို လုံလောက်စွာဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၀၀၅–၂၀၀၆ခုနှစ်၌ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပုဂ္ဂလိကများ၏ ရော်ဘာ စိုက်ပျိုးပြီးစီးမှုအခြေအနေမှာ ကျိုင်းတုံခရိုင်၌ ၁၉၈၈ဧက၊ မိုင်းဆတ်ခရိုင်၌ ၅၁၂ဧက၊ မိုင်းဖြတ်ခရိုင်၌ ၂၀၀၆ဧက၊ တာချီလိတ်ခရိုင်၌ ၂၈၅၇ဧက စုစုပေါင်း ၇၃၆၃ဧက စိုက်ပျိုးပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ၅၀၉၈၆ဧကနှင့် ၂၀၀၇–၂၀၀၈ခုနှစ်တွင် ၄၁၆၅၁ဧက နှစ်စဉ်တိုးချဲ့၍ စုစုပေါင်း ရော်ဘာဧက တစ်သိန်းအထိ စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရော်ဘာစိုက်ပျိုးခြင်းဖြင့် ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်၍ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ရော်ဘာကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် ရှမ်းကုန်းပြင်မြင့်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတရေးကိုပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေး အထောက်အကူဖြစ်စေမည့် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ရော်ဘာစိုက်ပျိုးသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် အသင်းဝင်များအားတွေ့ဆုံ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး ကွာဟမှုမရှိစေရေး ဆောင်ရွက်နေမှုများဆွေးနွေး

ရန်ကုန် မေ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ၃ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်မိုးဒိန်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိ၍ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကွမ်မိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အဆင့် တာဝန်ရှိဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံ၍ နိုင်ငံတော်က မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကွာဟမှု မရှိစေရေးအတွက် အချိုးညီ ဆောင်ရွက်နေမှုအခြေအနေ၊ အသင်းကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေး၊ပညာရေးနှင့် ဒေသလမ်းပန်းဆက်သွယ်မှုဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဒေသအတွင်း စိုက်ပျိုးသီးနှံများအခြေအနေ၊ ကျေးရွာလမ်းပန်းဆက်သွယ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေး၊ပညာရေး၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ကဏ္ဍအလိုက် အသီးသီးတင်ပြဆွေးနွေးကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အသင်းကြီး၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုး လမ်းများဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြို့နယ် ကျန်းမာရေးအဆောက်အအုံများ ထပ်မံတိုးချဲ့သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် ခရမ်းမြို့နယ်တွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းရှင်များအား အဆိုပါခန်းမ၌ ဆက်လက်တွေ့ဆုံရာ တီလားပီးယားငါးမျိုးများ သားပေါက်ထုတ်လုပ်မှု၊ အသားတိုးမွေးမြူမှု အခြေအနေနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေများကို လုပ်ငန်းရှင် အသီးသီးက တစ်ဦးချင်း တင်ပြဆွေးနွေးကြသည်။ တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄–၅–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၉။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
- ၆း၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၁၁)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း–၂၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ရှေ့ဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ထန်းတပင်မြို့နယ် အေးရွာကလေးလမ်းဆုံအထိ လေးမိုင်အရှည်ရှိ လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်အတွက် ကျောက်များခင်းကျင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က လမ်းကို ၁၂ပေမှ ၁၄ပေအထိ တိုးချဲ့မည့် အခြေအနေ၊ ကျောက်များ ခင်းကျင်းနေမှုနှင့် ကတ္တရာခင်းကျင်းမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နှင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာကလေး လမ်းဆုံ လမ်းပိုင်းကို ကတ္တရာလမ်းအဆင့်မြှင့်တင် ခင်းကျင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လူအင်အား၊ စက်ယန္တရားအင်အားတို့ တိုးချဲ့ပြီး မိုးမကျမီလမ်းပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

မိုးမကျမီအပြီးဆောင်ရွက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့ မြို့ပတ်လမ်း၌ ကုက္ကိုဝမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုနေမှုနှင့် မြေထိန်းနံရံဆောက်လုပ်နေမှုအခြေအနေတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြို့ပတ်လမ်းမြေထိန်းနံရံတည်ဆောက်မှုကို မိုးမကျမီအပြီး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ထန်းတပင်မြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်လျက် ရှိရာတွင် ရေ၊မြေသဘာဝအခြေအနေအရ လျာထားရည်မှန်းထားသည့် စိုက်ပျိုးဧကပြည့်မီအောင် ရေပေးသွင်းနိုင်မည့်နေရာကို ရွေးချယ်၍ ဆောင်ရွက်ရန်မှာကြားသည်။

ပညာပေးဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်းလုံးမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသည် ပဓာနကျသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အခြေခံ အကျဆုံးဖြစ်သည့် ကျေးရွာအချင်းချင်းဆက်သွယ်သည့် လမ်းများနှင့် ကျေးရွာနှင့် မြို့များဆက်သွယ်သည့် လမ်းများကို ဖောက်လုပ်ရန် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလုံအလောက်ရရှိရေးသည်လည်း အရေးကြီးကြောင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိမှသာ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသစီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့အတူ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် သန့်ရှင်းသည့်သောက်သုံးရေရရှိရေးကိုလည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျေးလက်ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးမှအစ လိမ္မာရေးခြားရှိပြီး စည်းကမ်းကောင်းမွန်၍ ပညာထူးချွန်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်များပေါများလာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဖိုးသုညများဖြင့် တိုင်းပြည်တည်ဆောက်၍မရနိုင်ကြောင်း၊ ပညာရေးနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ရေးဆွဲသတ်မှတ်ပေးထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားရေး၊ ဆရာဆရာမများ အရည်အသွေးပြည့်မီရေး၊ တပည့် ကျောင်းသားကျောင်းသူများရောက်ရှိသည့် အတန်းနှင့်အညီ တတ်မြောက်မှုရှိရေး၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံ လုံလောက်မှုရှိရေး၊ ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် မြို့နယ်ပညာရေးမှူးနှင့်တကွ တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ် စိစစ်ကြည့်ရှုပြီး တိုးတက်ကောင်းမွန်အောင် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် ကျန်းမာရေးပညာပေးရေးလုပ်ငန်းများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုကို ရယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါစသည့် အဓိကကျသည့် ရောဂါများမဖြစ်ပွားရေးအတွက် ကာကွယ်ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ကျေးလက်နေပြည်သူများအား စည်းရုံးပညာပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

ကျေးလက်စီးပွားရေးတိုးတက်မြင့်မားလာရန် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးမှုသည် အခြေခံကျကြောင်း၊ သို့ရာတွင် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် တစ်သီးစားသာမက နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးထုတ်လုပ်မှသာ ဝင်ငွေလည်းနှစ်ဆ၊ သုံးဆ ရရှိမည်ဖြစ်၍ မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များက အနီးကပ်ကြီးကြပ်၍ တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား လစာတိုးပေးနိုင်ခြင်းမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုသို့ ဝန်ထမ်းများလစာတိုးမြင့်လာသည်ကို အကြောင်းပြု၍ ကုန်ဈေးနှုန်းများမတက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် အခြေခံစားကုန်များဖြစ်သော ဆန်၊ဆီ၊သား၊ငါး၊ဟင်းသီးဟင်းရွက်စသည့် ကုန်ပစ္စည်းများတိုးတက်ထုတ်လုပ်ခြင်း၊ ခြိုးခြံချွေတာသုံးစွဲခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်စက်သုံးဆီကို တစ်ဖက်တစ်လမ်းကဖြည့်ဆည်းပေးမည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုလည်း အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် အခြေခံကျသည့် မြို့နယ်အဆင့်တာဝန်ရှိသူများက ကျေးလက်ဒေသအထိ ကွင်းဆင်း၍ စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထန်းတပင်မြို့မှထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၃

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က၊ ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၅)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မေ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရေနွေးငွေ့သုံးစက်ခေါင်းနှင့်ကျည်ဆန်ရထား

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ သယ်ယူပို့ဆောင်ရေးပြတိုက်တွင် ခေတ်မီတိုးတက်မှုကို နှိုင်းယှဉ်ဖော်ညွှန်းပြသထားသော ရေနွေးငွေ့သုံး စက်ခေါင်းနှင့် ကျည်ဆန်ရထားတို့ကို မေ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန် ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး နောက်ဆုံးသဘောတူညီချက် ဇွန်လတွင် လက်မှတ်ရေးထိုးကြမည်

မွမ်ဘိုင်း မေ ၃

အိန္ဒိယ၊ ပါကစ္စတန်၊ အီရန် သုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်း၏ နောက်ဆုံး သဘောတူညီချက်ကို ယခုနှစ် ဇွန်လတွင် ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း အိန္ဒိယအစိုးရက ဧပြီ ၃၀ ရက်က ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းသုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရာတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံကုန်ကျမည်ဖြစ်ပြီး တီဟီရန်တွင်ကျင်းပမည့် ဝန်ကြီးများ အစည်းအဝေး၌ နောက်ဆုံးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားသည်။

ပြောကြား

အီရန်၏ ဒုတိယရေနံဝန်ကြီး အိန္ဒိယသို့အလည်အပတ်ရောက်ရှိစဉ်

သုံးနိုင်ငံဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရန် ပြင်ဆင်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အချက်ပေါင်းများစွာ ပါဝင်မည့် သဘောတူညီချက်မူကြမ်းကို ရေနံဝန်ကြီးနှင့် အစည်းအဝေးပြုလုပ်စဉ် ဆွေးနွေးမည်ဖြစ်ကြောင်း ရေနံဝန်ကြီး အမ်အက်ဖ်စတိုနီဇာဆမ်က သတင်းထောက်များအား တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

တွေ့ဆုံဆွေးနွေး

ဓာတ်ငွေ့ပိုက်လိုင်းအကောင်အထည်ဖော်တည်ဆောက်ရေးအတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် မေလ တတိယပတ်တွင် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။

တွေ့ဆုံဆွေးနွေး

သုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်း အရှည်သည် ကီလိုမီတာ ၂၆၇၀ ရှိမည်ဖြစ်ပြီး အီရန်တွင် ၁၁၁၅ ကီလိုမီတာ၊ ပါကစ္စတန်တွင် ၇၀၅ ကီလိုမီတာနှင့် အိန္ဒိယတွင် ကီလိုမီတာ ၈၅၀ ရှိမည်ဖြစ်သည်။ **အမ်အင်အေ၊ပီတီအိုင်**

ဒဗလျူစီအိုင်တီ ညီလာခံ မလေးရှား၌ ကျင်းပမည်

ကွာလာလမ်ပူ မေ ၃

မလေးရှားနိုင်ငံက ကမ္ဘာ့သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ညီလာခံ (ဒဗလျူစီအိုင်တီ)ကို ၂၀၀၈ ခုနှစ် မေလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ရက်က ထုတ်ဖော်ပြောဆိုသည်။

အိုင်တီအိုလံပစ်ဟု လူသိများသော ဒဗလျူစီအိုင်တီသို့ ထိုလုပ်ငန်းမှ ကုမ္ပဏီပေါင်း ၃၀၀၀၀ တက်ရောက်မည်ဖြစ်ကြောင်း မလေးရှားသိပ္ပံနှင့် နည်းပညာဝန်ကြီး ဂျမာကူဒင်ချာဂျစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မေ ၂ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကမ်းနားလမ်းရှိ ကုန်လှောင်ရုံ မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်နေသည်ကိုတွေ့ရစဉ်။ (ယင်းမီးလောင်မှုကြောင့် ကမ်းနားလမ်းတစ်လျှောက်ရှိ အဆောက်အအုံများနှင့် ဆိပ်ခံဖောတံတားများ ပျက်စီးခဲ့ရသည်။)

(ဓာတ်ပုံ–အင်တာနက်)

ကင်းထောက်ဂြိုဟ်တုနှစ်လုံး ဂျပန်လွှတ်တင်ရန်စီစဉ်

တိုကျို မေ ၃

ဂျပန်နိုင်ငံက သတင်းအချက်အလက် စုဆောင်းနိုင်မည့် ဂြိုဟ်တုနှစ်လုံးကို 11-2A ဒုံးပျံနှင့်အတူ ဇူလိုင်လတွင် လွှတ်တင်မည် ဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုများသည် အာကာသ အခြေစိုက် လေ့လာရေးစနစ်ပေါ်တွင် ရောက်ရှိကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာက မေ ၁ ရက်၌ ဖော်ပြသည်။

အဆိုပါ ကင်းထောက်ဂြိုဟ်တုနှစ်လုံးသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ အခြားသောဂြိုဟ်တုနှစ်လုံးနှင့် သွားရောက်ချိတ်ဆက်မည်ဖြစ်ကာ ၂၄ နာရီတိုင်း ကမ္ဘာ့မြေပြင်ရှိ မည်သည့် နေရာမဆို ဓာတ်ပုံရိုက်ယူနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာက အစိုးရသတင်းရပ်ကွက်မှ အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗြိတိန်မွေးမြူရေးခြံထွက်ပစ္စည်းများ ဟောင်ကောင်သို့ တင်သွင်းခွင့်ပိတ်ပင်မည်

ဟောင်ကောင် မေ ၃

ဟောင်ကောင်အာဏာပိုင်များသည် ဗြိတိန်နိုင်ငံမှ မွေးမြူရေးခြံထွက်ပစ္စည်းများနှင့် တိရစ္ဆာန်အသား ပြည်ပပို့ကုန်များကို တင်သွင်းခြင်းအား ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက်က ကြေညာခဲ့သည်။

ဖော်ပြထား

ဟောင်ကောင် အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အစားအစာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာနမှ အစီရင်ခံစာတွင် ယင်းတားမြစ်မှုသည် ချက်ချင်းအကြိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အတည်ပြု

ဗြိတိန်နိုင်ငံ နာဖော့စ်ဒေသရှိ မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ကြောင်း အတည်ပြုလိုက်ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချရခြင်းဖြစ်ကြောင်း ၎င်းဌာနမှပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။

တောင်းယူမည်

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များထံမှ သတင်းအချက်အလက်များ နောက်ထပ်တောင်းယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆင်လိမ္မာ

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ရှန်ကျင့်မြို့ရှိ တိရစ္ဆာန် ဥယျာဉ်တွင် အပန်းဖြေ လာရောက်သူများအား ဖျော်ဖြေနေသော ဆင်လိမ္မာအား မေ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လင်းပိုင်များသေဆုံးရခြင်းနှင့်ပတ်သက်၍ ဓာတ်ခွဲရန် ဇမ်ဘီယာမှဆွီဒင်နိုင်ငံသို့ ပေးပို့ခဲ့

ဒါရက်ဆလမ် မေ ၃

ဇမ်ဘီယာနိုင်ငံ၏ ကမ်းရိုးတန်းတွင် လင်းပိုင် ၇၀၀ခန့် ထူးထူးခြားခြား သေဆုံးနေခြင်းကိစ္စကို အတည်မပြုနိုင်မီ ဇမ်ဘီယာနိုင်ငံသည် လင်းပိုင်အသေနမူနာများကို ဓာတ်ခွဲစမ်းသပ်ရန်အတွက် ဆွီဒင်နိုင်ငံသို့ပေးပို့ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက မေ ၁ ရက်တွင် ဖော်ပြထားသည်။

အစီရင်ခံတင်ပြ

လင်းပိုင်များသေဆုံးရခြင်းနှင့် ပတ်သက်၍ တိကျသောရလဒ်ရရှိရန်အတွက် ကိရိယာပစ္စည်းများ စုံလင်စွာတပ်ဆင်ထားသော နိုင်ငံခြားဓာတ်ခွဲခန်းများသို့ လင်းပိုင်အသေနမူနာများကို ပို့ရန်လိုအပ်ကြောင်း၊ ဒါရက်ဆလမ်မြို့ရှိ ရေကြောင်းသိပ္ပံဌာနမှ သုတေသနပညာရှင် ဂျစ်ဒါဝီက မီဒီယာများသို့အစီရင်ခံတင်ပြခဲ့သည်။ ကမ်းခြေပေါ်တွင် မသေဆုံးမီ ယင်းလင်းပိုင်များသည်အန်ခဲ့သေးကြောင်း ဂျစ်ဒါဝီက ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ဇမ်ဘီယာနိုင်ငံတွင် ယခုကဲ့သို့များပြားသော လင်းပိုင်များသေဆုံးနေခြင်းသည် ဇမ်ဘီယာသမိုင်းတွင် ပထမဆုံးဖြစ်ကြောင်း၊ လင်းပိုင်များသည် ခရီးသွားများကို ဆွဲဆောင်နိုင်ပြီး ထိုကမ်းခြေတွင် ခရီးသွားများသည် လင်းပိုင်များကို လာရောက်စောင့်ကြည့်ကြကြောင်းနှင့် ပင်လယ်ထဲတွင် ၎င်းလင်းပိုင်များနှင့် အတူရေကူးကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ခြံစည်းရိုးကြက်ဆူဆီအား စက်သုံးဆီအဖြစ် အစားထိုးသုံးစွဲနိုင်ရေး နည်းပညာပိုင်းအရ စိတ်ချသေချာအောင် သုတေသနပြုဆောင်ရွက် လည်ပတ်နှုန်းမြန်ပြီး စွမ်းအားမြင့်စွာ မောင်းနှင်နိုင်ရေးဦးစားပေးစမ်းသပ်

ရန်ကုန် မေ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်စစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် စက်ရုံအတွင်း လည်ပတ်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးခင်မောင်ရွှေက လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ စက်ရုံပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်ရှိသည်များကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိ သုတေသနနှင့် အမျိုးအစားစစ်ဆေးရေးဌာနသို့ သွားရောက်ပြီး ဇီဝဒီဇယ်ဆီနှင့်ပတ်သက်၍ သုတေသနပြု ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဒုတိယစက်ရုံမှူး ဦးထွန်းမြင့်က သုတေသနပြုဆောင်ရွက်နေမှု အခြေအနေများကို အဆင့်အလိုက် ရှင်းလင်းတင်ပြသည်။

အစားထိုးသုံးစွဲ

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသော ဇီဝဒီဇယ်ဆီ (BIO-DIESEL)နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး ဝန်ကြီးအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ခြံစည်းရိုးကြက်ဆူဆီအား ဇီဝစက်သုံးဆီအဖြစ် အစားထိုးသုံးစွဲနိုင်ရေး သုတေသနပြုလေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ယနေ့ကမ္ဘာ့စက်သုံးဆီဈေးမှာ အဆမတန် မြင့်တက်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခြံစည်းရိုးကြက်ဆူဆီအား စက်သုံးဆီအဖြစ် အစားထိုးသုံးစွဲနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းအရ စိတ်ချသေချာအောင် သုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်း၊ စက်ပစ္စည်းပိုင်းဆိုင်ရာ ပြုပြင်စမ်းသပ်မှု၊ ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီအဖြစ် ဆီပိုင်းဆိုင်ရာ ပြုပြင်စမ်းသပ်မှုတို့ကို အဆင့်အလိုက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လည်ပတ်နှုန်းမြန်ပြီး စွမ်းအားမြင့်စွာ အသုံးပြုနိုင်သည့် ဇီဝဒီဇယ်ဆီ (BIO-DIESEL) အဖြစ် အသုံးပြုနိုင်ရေး ဦးစားပေး စမ်းသပ်သွားရမှာဖြစ်ကြောင်း အသေးစိတ်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၃

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၅၆)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ မေ ၁၁ ရက် ညနေ ၆ နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် မေ ၁၁ ရက် ညနေ ၃ နာရီထက်နောက်မကျစေဘဲ မိမိတို့၏အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန်စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၃

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန် ကြေညာသည်။

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၄ ဌာနတို့၌ ဖြေဆိုသူ ၁၃၆၀၀၊ အောင်မြင်သူ ၁၀၁၄၃ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံး အောင်မြင်သူ ၁၆၄၀ ရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး(ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ် (၁၁) မောင်မျိုးမင်းထူး သံဖြူဇရပ် စာဖြေဌာန သံဖြူဇရပ်မြို့ မွန်ပြည်နယ်၊ ဒုတိယ ခုံအမှတ် (၃၁) မတင်မို့မို့အေး လပွတ္တာစာဖြေဌာန လပွတ္တာမြို့ ဧရာဝတီတိုင်းနှင့် တတိယ ခုံအမှတ်(၂၄) မဝင်းသန္တာ ဝါဇီစာဖြေဌာန ပခုက္ကူမြို့နယ် မကွေးတိုင်းတို့ ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း၉၂ ဌာနတို့၌ ဖြေဆိုသူ ၃၂၀၂ ဦး၊ အောင်မြင်သူ ၂၆၉၆ဦး၊နှစ်ချင်းပေါက်သုံးဆင့် အောင်မြင်သူ ၆၂၁ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး(ထူးချွန်ဆု)ရရှိကြသူများမှာ ပထမ ခုံအမှတ်(၁၇)ဒေါ်မိမိကို မရမ်းကုန်းစာဖြေဌာန ရန်ကုန်မြို့ ရန်ကုန်တိုင်း၊ ဒုတိယခုံအမှတ် (၁၁)မောင်ထွန်းအေး မင်းပြားစာဖြေဌာန မင်းပြားမြို့ ရခိုင်ပြည်နယ်နှင့် တတိယ ခုံအမှတ် (၂) မဖြိုးဖြိုးလှိုင် ချမ်းအေးသာစံ စာဖြေဌာန မန္တလေးမြို့ မန္တလေးတိုင်းတို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၃ ဌာနတို့၌ ဖြေဆိုသူ ၁၅၄၇ ဦး၊ အောင်မြင်သူ ၉၄၇ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၁၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ် အများဆုံး (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမခုံအမှတ် (၃) မဝေမွန်ကျော် မရမ်းကုန်းစာဖြေဌာန ရန်ကုန်မြို့ ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်(၂) ဦးငွေစိုး ခမောက်စု စာဖြေဌာန လေးမျက်နှာမြို့နယ် ဧရာဝတီတိုင်းနှင့် တတိယ ခုံအမှတ် (၁၄) မမူမူဝင်း ကလေးစာဖြေဌာနကလေးမြို့ စစ်ကိုင်းတိုင်းတို့ ဖြစ်ကြသည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂၄၈) ယင်းမာမြိုင်လမ်း (၂၃)ရပ်ကွက် သုဝဏ္ဏမြို့နေ ဦးသာဝင်း-ဒေါ်မြမြယဉ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။
(က-ပ)

မာလာဆိုင်ကလုန်းမုန်တိုင်းကြောင့် မြစ်ချောင်းများ၌ ရေကြီးရေလျှံမှုများဖြစ်ပွား ကြံခင်းမြို့နယ်အတွင်း ၁၈ ဦး ရေနစ်သေဆုံး၊ ၁၄ ဦး ရေစီးအတွင်း မျောပါပျောက်ဆုံး

နေပြည်တော် မေ ၃

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မာလာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရခိုင်ပြည်နယ်တောင်ဘက်နှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းတစ်လျှောက် မိုးသက်လေပြင်းများ ကျရောက်ခဲ့ရာ မြစ်ချောင်းများ၌ တောင်ကျရေများ ရုတ်တရက်စီးဆင်းမှု ဖြစ်ပွားခဲ့သည်။

ပျောက်ဆုံး

ထိုသို့ ရုတ်တရက် တောင်ကျရေစီးဆင်းမှုကြောင့် ဧပြီ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်က ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ ကွန်းချောင်းချောင်းတစ်လျှောက်နှင့် ချောင်းဆုံတစ်ဝိုက် ပတ်ဝန်းကျင် ကျေးရွာများ၌ ရေလျှံမှု၊ ရေကြီးမှုများ ဖြစ်ပေါ်၍ အမျိုးသားရှစ်ဦး၊ အမျိုးသမီး ၁၀ ဦး၊ စုစုပေါင်း ၁၈ ဦး ရေနစ် သေဆုံးခဲ့ပြီး အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၄ ဦးမှာ ရေစီးအတွင်း မျောပါပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ပံ့ပိုးကူညီ

ယင်းဖြစ်စဉ် ဖြစ်လျှင်ဖြစ်ချင်း ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပျောက်ဆုံးသူများအား ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအား လိုအပ်သည့်ပံ့ပိုးကူညီမှုများ စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေ မကျရောက်မီ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်

ရန်ကုန် မေ ၃

အနောက်တောင်မုတ်သုံလေ မကျရောက်မီကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် မွန်းလွဲ၊ညနေပိုင်းတို့၌ နေရာကွက်၍ မိုးထစ်ချုန်းရွာပြီး တစ်ခါတစ်ရံမိုးသက်လေပြင်းများနှင့် အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်။ တစ်ခါတစ်ရံ မိုးတိမ်တောင်ကြီးများမှ စိုက်ဆင်းလေပြင်းများလည်း ဖြစ်ပေါ်တတ်လေ့ရှိသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးကြာညိုချစ်ဖေ ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၄

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြာညိုချစ်ဖေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် ဧပြီ ၅ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်မည့် အကြမ်းဖက် ဖောက်ခွဲရေးသမားများ၏ ပုံပန်းသဏ္ဍာန်များ

နေပြည်တော် မေ ၃

အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးကာ အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်အလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ABSDFမှ အဖွဲ့ဝင် ပီတာ(ခေါ်) ပီတာအောင်သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပါဆဲတောင်ရပ်ကွက် ပါမွေ(၅) လမ်း၌ ရုံးခန်းဖွင့်လှစ် ထားရှိပြီး ၎င်းသည် NCUB မှ ညိုအုန်းမြင့်၊ KNU တပ်မဟာ(၇)မှ စောလှငွေ၊ SSA-Sမှ ရှမ်းသွေး၊ စိုင်းကြီးဆိုသူတို့နှင့် ပူးပေါင်း၍ ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ညှိနှိုင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

စေလွှတ်ထား

ယင်းအဖွဲ့သည် ဖောက်ခွဲရေးသမားများဖြစ်ကြသည့် စိုင်းနွမ်(ခေါ်) စိုင်းနန်၊ စောကညောထူး၊ မရီရီကျော်နှင့် မအေးအေးရီတို့ လေးဦးပါဝင်သော အဖွဲ့အား ၂၀၀၆ ခုနှစ် မတ်လတွင် တောင်ကြီးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့စေလွှတ်ထားကြောင်းသိရသည်။

အဆိုပါဖောက်ခွဲရေးသမားလေးဦး၏ ပုံပန်းသဏ္ဍာန်မှာ စိုင်းနွမ်(ခေါ်) စိုင်းနန် အသက်(၃၅)နှစ်ခန့်၊ အသားလတ်၊ နဖူးပြောင်၊ ဆံပင် အနည်းငယ်ကောက်၊ အရပ် ၅ ပေ ၄ လက်မခန့်ရှိ၊ စောကညောထူး အသက်(၃၅)နှစ်ခန့်၊ အသားလတ်၊ လက်ပြင်ကုန်း၊ မျက်နှာတွင် ဝက်ခြံရှိ၊ အရပ် ၅ပေ၄ လက်မခန့်ရှိ၊ မရီရီကျော် အသက်(၃၀)ခန့်၊ ရန်ကုန်ဇာတိ၊ ပုံပန်းသဏ္ဍာန် စိစစ်ဆဲ၊ မအေးအေးရီ အသက်(၃၀)ခန့်၊ ရန်ကုန်ဇာတိ၊ ပုံပန်းသဏ္ဍာန် စိစစ်ဆဲဖြစ်သည်။

ပုံပန်းသဏ္ဍာန်

ထို့အပြင် ABSDF အကြမ်းဖက်အဖွဲ့သည် သက်ထွန်း(လူ့ဘောင်သစ်) ဦးဆောင်သော ဖောက်ခွဲရေးသမားငါးဦးနှင့် အောင်ကိုနိုင် ဦးဆောင်သော ဖောက်ခွဲရေးသမားလေးဦးတို့အား ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရန်ကုန်မြို့သို့ စေလွှတ်ထားကြောင်းသိရှိရပြီး ယင်းတို့၏ ပုံပန်းသဏ္ဍာန်များမှာ သက်ထွန်း အသက်(၃၃)နှစ်ခန့်၊စိန်လုံးပါနားကပ်နှင့် ရွှေရောင်နာရီပတ်လေ့ရှိ၊ အရပ် ၅ပေ ၈လက်မခန့်ရှိ၊ အောင်သီဟ အသက်(၃၂)နှစ်ခန့်၊ ဆံပင်တို၊ ညာဘက်ပါးရိုးတွင် အမာရွတ်ရှိ၊ အရပ် ၅ပေ ၉လက်မခန့်ရှိ၊ မမိုးမိုးအေး အသက် (၂၆)နှစ်ခန့် ယောကျ်ားဆံပင်ပုံစံဖြင့် ဝဲဘက်လက်ခလယ်၌ ကျောက်စိမ်းလက်စွပ်ဝတ်လေ့ရှိ၊ အရပ် ၅ပေ ၄ လက်မခန့်ရှိ၊ မသူဇာ အသက် (၂၆)နှစ်ခန့်၊ အသားညို၊ မျက်နှာသွယ်၊ ဆံပင်ပခုံးထောက်၊ နှစ်လုံးဆင့် ရွှေနားဆွဲ ဝတ်ဆင်လေ့ရှိ၊ အရပ် ၅ပေ ၃ လက်မခန့်ရှိ၊ မနန်းသီတာဦး အသက် (၂၆)နှစ်ခန့်၊ အသားလတ်၊ မျက်နှာဝိုင်း၊ ဆံပင် ခါးလယ်ခန့်၊ အရပ် ၅ပေ ၃လက်မခန့်ရှိ၊ အောင်ကိုနိုင် အသက် (၂၄) နှစ်ခန့်၊ အသားညို၊ ကတုံးဆံပင်ဖြင့် ဝဲဘက်လက်မနှင့် လက်သန်း၌ ငွေရောင်လက်စွပ်ဝတ်ဆင်လေ့ရှိ၊ အရပ် ၅ပေ ၆လက်မခန့်ရှိ၊ အောင်ဇော်မိုး အသက် (၂၂)နှစ်ခန့်၊ အသားလတ်၊ ဆံပင်ကို အလယ်ခွဲ၊ မျက်ခုံးထူ၊ မျက်နှာ လေးထောင့်ပုံ၊ အရပ် ၅ပေ ၃လက်မခန့်ရှိ၊ စိုင်းထွန်းထွန်း အသက် (၂၀)ခန့်၊ ဆံပင်ရှည်၊ မျက်နှာသွယ်၊ ဝက်ခြံအနည်းငယ်ရှိ၊ ကိုယ်ခန္ဓာတောင့်တင်း၊ ဝဲဘက်လက်သူကြွယ် ရွှေလက်စွပ်ကြီး ဝတ်ဆင်လေ့ရှိ အရပ် ၅ပေ ၉လက်မခန့်ရှိ၊ ညီညီနိုင် အသက် (၂၂)နှစ်ခန့်၊ အသားညို၊ အရပ် ၅ပေ၃လက်မခန့်ရှိကြောင်း သိရှိရသည်။

အလားတူ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မန္တလေးမြို့သို့ ခွန်ရဲနောင်ဦးဆောင်သော ဖောက်ခွဲရေးသမား သုံးဦးတို့အားလည်းကောင်း၊ မော်လမြိုင်မြို့သို့ ဖောက်ခွဲရေးသမားသုံးဦးတို့အားလည်းကောင်း စေလွှတ်ထားရှိကြောင်း သိရှိရသည်။

လှုပ်ရှားရန်ကြံစည်

ယင်းအကြမ်းဖက် ဖောက်ခွဲရေးသမားများသည် မြေပေါ် နိုင်ငံရေးပါတီများ၏ ဆောင်ရွက်ချက်များနှင့် ဟန်ချက်ညီစွာ အချိန်ကိုက် လှုပ်ရှားရန် ကြံစည်လျက်ရှိကြောင်း သိရှိသည်။

သတင်းပေးပို့နိုင်

ယင်းကဲ့သို့ အပြစ်မဲ့ပြည်သူများအပေါ် ကြမ်းကြုတ် ရက်စက်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သော ဗုံးခွဲရန် ကြံစည်မှုများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်း၍ တားဆီးဖော်ထုတ်လျက်ရှိရာ အထက်ပါဖောက်ခွဲရေးသတင်းနှင့် ပတ်သက်၍ သတင်းဆက်ကို ရရှိပါက ဖုန်းနံပါတ် ရန်ကုန် ၀၁-၃၇၉၆၆၁၊ မန္တလေး ၀၂-၃၆၉၈၂၊ မော်လမြိုင် ၀၅၇-၂၁၀၃၄ နှင့် နေပြည်တော်မြို့တော် ၀၆၇-၄၁၂၀၀၅ တို့သို့ ဆက်သွယ် သတင်းပေးပို့နိုင်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်းများသုံး၍ ငြိမ်းသတ်နိုင်ကြပြီ

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အကြိုဂုဏ်ပြု သတင်းဆောင်းပါး-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

လေ့ကျင့်ဆောင်ရွက်

အထပ်မြင့်အဆောက်အအုံ၏ အနီးကပ်ဆုံး အဆောက်အအုံကို အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင်များက ရှဉ့်ကူးနည်းစနစ်ဖြင့် ထိုးဖောက်ဝင်ရောက်ကာ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဤသို့ လေ့ကျင့်ဆောင်ရွက်ကြသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်သူ့အကျိုးပြု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လာခဲ့သည်မှာ ၂၀၀၆ခုနှစ် မေ ၅ ရက်ဆိုလျှင် နှစ်ပေါင်း (၆၀)ပြည့်မြောက်တော့မည်ဖြစ်သည်။

ခေတ်အဆက်ဆက်ကို ဖြတ်သန်းလျက် ပြည်သူ့အကျိုးပြု မီးသတ်တာဝန်များ ထမ်းဆောင်နေသော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေး၊ မီးဘေးသတိမူရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးစသော တာဝန်များအပြင် လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် ပီပီပြင်ပြင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

ထိုသို့ခေတ်ကာလအားဖြင့် သက်တမ်းရလာပြီဖြစ်သော မီးသတ်ဦးစီးဌာနသည် မီးငြိမ်းသတ်ရာတွင် ခေတ်မီမီးငြိမ်းသတ်ရေးနည်းစနစ်များသည်လည်း တစ်ခေတ်ထက် တစ်ခေတ်၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလာပြီဖြစ်သည်။

သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့ဝင်များက နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့မတိုင်မီ ခေတ်မီမီးသတ်ပစ္စည်းများကို အသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြပွဲရှိရာ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာနရုံးချုပ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်မှု သရုပ်ပြပွဲသို့ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိ မီးသတ်တပ်ဖွဲ့မှ အရာရှိကြီးများလည်း လာရောက်ကြည့်ရှုခဲ့ကြောင်း တွေ့ရသည်။

ကယ်တင်လေ့ကျင့်

အသက်ကယ်ပစ္စည်း Hydraulic power lifting bag အသုံးပြု၍ ကွန်တိန်နာပိနေသူနှစ်ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက ကယ်တင်လေ့ကျင့်ကြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကြိုးတက်နည်းစနစ်

ပထမဦးစွာ ပြသသည့် သရုပ်ပြကွက်မှာ အထပ်မြင့်အဆောက်အအုံများပေါ်မှ မီးဘေးရင်ဆိုင်နေရသူများအား ကယ်ဆယ်ရန် ကြိုးတက်နည်းစနစ်ဖြစ်သည်။ ကြိုးတက်နည်း စနစ်တွင် တစ်ချောင်းပတ်တက်နည်းနှင့် ခြေနှစ်ချောင်း ပတ်တက်နည်းစနစ်နှစ်ရပ်ပါဝင်ရာ အောက်မှ ကြိုးထိန်းသူနှင့် အပေးအယူလုပ်၍ တက်ရခြင်းဖြစ်သည်။

ယင်းနောက် ကြိုးကူးနည်းစနစ်များ (Crossing Techniques) ဆက်လက်ပြသခဲ့ရာရှဉ့်ကူးနည်းစနစ်၊ မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးစနစ်၊ ပက်လက်ကူးနည်းဖြင့် လူနာကယ် တင်နည်းဟူ၍ ယင်းကြိုးကူးနည်း စနစ်တွင်ပါဝင်သည်။

မီးဘေးအန္တရာယ်ကြုံတွေ့နေရသော အထပ်မြင့်အဆောက်အအုံ၏ အနီးကပ်ဆုံး အဆောက်အအုံနှင့် ကြိုးသွယ်တန်းပြီး မီးသတ်တပ်ဖွဲ့ဝင်များက အဆောက်အအုံအတွင်း ဝင်ရောက်ကာ မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သောနည်းစနစ်ဖြစ်သည်။

ကြိုးဆင်းနည်းစနစ်

ယင်းနောက် ကြိုးဆင်းနည်းစနစ်များ (Descending Techniques) ကို ဆက်လက်ပြသခဲ့ရာရိုးရိုးကြိုးဆင်းနည်းစနစ်၊ လျှပ်တစ်ပြက်ခုန်ဆင်းနည်းစနစ်၊ အထပ်မြင့်အဆောက်အအုံအရေးပေါ်မီးငြိမ်းသတ်ခြင်း၊ ကြိုးလှေကား (Rode Ladder)နှင့် အရှိန်ထိန်းစက်သီး (Slow Down)ဆင်းနည်း၊ အပြေးဆင်းနည်း၊ ဓောက်ထိုးဆင်း၍ ထမ်းစင်ဖြင့် လူနာကယ်တင်ခြင်းစသောနည်းစနစ်များပါဝင်သည်။

ယင်းစနစ်များသည် အထပ်မြင့်အဆောက်အအုံတွင် မီးဘေးအန္တရာယ်ကြုံနေရသောသူများအား အထပ်မြင့်မှ မြေပြင်သို့ကယ်ချပေးသောစနစ်များဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များ သက်စွန့်ဆံဖျားကြိုးပမ်းမှုပြကွက်ပင်ဖြစ်သည်။

သက်ကယ်လေမွေ့ရာ

တစ်ဖန် အသက်ကယ်လေမွေ့ရာ (Air Mattress) ခုန်နည်းပြကွက်ကို ဆက်လက်ပြသရာ အထပ်မြင့်အဆောက်အအုံ တစ်ခုလုံးပေါ်မှ အသက်ဘေးအန္တရာယ်မှ ရင်ဆိုင်နေရသောအချိန်တွင် လေမွေ့ရာအသုံးပြု၍ မြေပြင်သို့ခုန်ချခြင်းဖြစ်သည်။

ယင်းလေမွေ့ရာသည် အမြင့် ၆၃ ပေမှ မြေပြင်သို့ အရေးပေါ်ခုန်ဆင်းနိုင်သည့် ကိရိယာဖြစ်သည်။

အထပ်မြင့်အဆောက်အအုံတစ်ခုအတွင်း ဘေးအန္တရာယ် ကြုံတွေ့နေသည့် လူနှစ်ဦးကို ပက်လက်ကူးနည်းစနစ်ဖြင့် အသက်ကယ်တပ်ဖွဲ့ဝင်နှစ်ဦးက သုံးထပ်ဒဏ်သေကွင်းမှာ ချိတ်တွဲပြီး ထိရောက်လျင်မြန် လုံခြုံစွာနှင့် ကယ်တင်လေ့ကျင့်ကြစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆက်လက်၍ မီးကာဝတ်စုံဝတ်၍ မီးထဲဖြတ်လျှောက်သည့် ပြကွက်ကိုလည်း အံ့ဩဖွယ်ရာ ပြကွက်အဖြစ် ပြသခဲ့သည်ကိုလည်း တွေ့ရသည်။ မီးထဲတွင် မဖြစ်မနေဝင်ရောက်ကယ်ဆယ်ရမည့် အနေအထားတွင် မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါ မီးကာဝတ်စုံ (Breathing Appratus Set) ကို ဝတ်ဆင်လျက် ထိုးဖောက်ဝင်ရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြစ်သည်။

လျှပ်တစ်ပြက်

ထို့နောက် ဓာတ်ငွေ့အိုး မီးလောင်မှုအား မီးငြိမ်းသတ်ခြင်းပြကွက်ကို ဆက်လက်ပြသခဲ့ရာ နည်းလမ်းနှစ်ခုရှိကြောင်း သိရသည်။ ပထမနည်းလမ်းမှာ မီးသတ်တပ်ဖွဲ့ဝင်အနေဖြင့် မီးသတ်ပစ္စည်းအကူကိရိယာ မပါဘဲ ဓာတ်ငွေ့အိုးမှ ထွက်နေသော လောင်စာ (Gas)ကို လက်ဖြင့် ရဲရင့် တည်ငြိမ်စွာ လျှပ်တစ်ပြက် ပိတ်လိုက်ခြင်းဖြစ်သည်။

ဒုတိယနည်းလမ်းမှာမီးသတ်ဆေးဘူးဖြင့် ပက်ဖျန်း၍ ငြိမ်းသတ်ခြင်းဖြစ်သည်။ ဓာတ်ငွေ့အိုးမှ မီးလောင်မှုဖြစ်လျှင် ပေါက်ကွဲထွက်လိမ့်မည်ဟု အများကထင်ထားကြသည်။ ကြောက်လန့်စရာမလိုဘဲ မီးသတ်ဆေးဘူးသုံး၍ ပက်ဖျန်းငြိမ်းသတ်နိုင်ကြောင်း သိရသည်။

ယင်းနောက် လှေကားအမျိုးမျိုးအသုံးပြု၍ ကယ်တင်ခြင်းပြကွက်ကို ပြသခဲ့ရာ အထပ်မြင့်အဆောက်အအုံတစ်ခု၌ မီးဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါတွင် မီးသတ်တပ်ဖွဲ့ဝင်များက ရဲဝံ့စွန့်စားစွာဖြင့် လှေကားများကို အဆင့်ဆင့် ပြုလုပ်၍ အပေါ်ထပ်အခန်းမှလူအား ကယ်ဆယ်ရခြင်းဖြစ်သည်။

လှေကားအသုံးပြုကယ်ဆယ်ခြင်းပြကွက်တွင် ချိတ်လှေကား ပြကွက်လည်းပါဝင်ရာ အထက်အထပ် အဆင့်ဆင့်ကို ချိတ်လှေကားသုံး၍ တက်ဆင်းခြင်း ဖြစ်သည်။

ကြိုးသေနတ်

တစ်ဖန် ကြိုးပစ်သေနတ်၊ ရေသေနတ်နှင့် အမြှုပ်သေနတ်များကို အသုံးပြုလျက် မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံကိုလည်း ဗဟုသုတဖြစ်ဖွယ် ပြသခဲ့သည်ကို ရှုစားရပြန်သည်။ ကြိုးသေနတ်မှာ ပင်မလှေကားတွင် မီးများပိတ်ဆို့ခြင်း၊ ပစ္စည်းများ ပိတ်ဆို့နေခြင်းနှင့် အခြားသော အခက်အခဲများကြောင့် အထက်အထပ်သို့ မတက်ရောက်နိုင်သည့်အခါ အဆိုပါ ကြိုးသေနတ်ဖြင့် ပစ်ကာ ကြိုးသွယ်တန်း၍ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ရခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

အတော်ဆုံးပရိုဂရမ်မာများအား ဂိုဂဲလ်မှပြိုင်ပွဲကျင်းပ၍ ရွေးချယ်မည်

အင်တာနက် ဝက်ဘ်ဆိုက်ဂိုဂဲလ်သည် ဥရောပတွင် အကောင်းဆုံး အတော်ဆုံး ပရိုဂရမ်မာများကို ပြိုင်ပွဲတစ်ရပ် ကျင်းပခြင်းဖြင့်ရှာဖွေလျက်ရှိသည်။

အလုပ်အကိုင် အဆင့်အရ

အကောင်းဆုံး ပရိုဂရမ်မာဆု ဆွတ်ခူးနိုင်ခဲ့လျှင် ဆုကြေးငွေအဖြစ် ပေါင် ၂၁၀၀၀နှင့် အလုပ်အကိုင်အခွင့်အလမ်းကိုပါ ရရှိစေမည်ဟုဆိုသည်။

ပြိုင်ပွဲဝင်များကို ပထမဆင့်တွင် လူ၅၀၀ရွေးပြီး ဒုတိယဆင့်တွင် လူ ၂၀၀ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးလူ ၅၀ကို ဒဗ္ဗလင်မြို့၌ အပြီးသတ်အတော်ဆုံး ပရိုဂရမ်မာများအဖြစ် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြိုင်ပွဲများကျင်းပရခြင်းမှာ ဥရောပနှင့် ဖွံ့ဖြိုးရေးဌာနများတွင် အရည်အချင်း ပြည့်ဝသော အင်ဂျင်နီယာများ ပေါ်ထွက်လာရန် ဖြစ်ကြောင်း ဂိုဂဲလ်က ပြောကြားသည်။

ကြည့်ရှုနိုင်

ယင်းအကောင်းဆုံး ပရိုဂရမ်မာများရှာဖွေခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုလျှင် ဂိုဂဲလ်မှ Code Jam ဝက်ဘ်ဆိုက်တွင် အသေးစိတ်များ ဝင်ရောက်ရှာဖွေကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

4-5 (06).p65 1 1/3/32, 12:44 AM

နိုင်ငံတကာအဆင့်မီ ခေတ်မီမီးငြိမ်းသတ်မှု နည်းစနစ်ဖြင့် တပ်ဖွဲ့ဝင်များ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်

ကားတစ်စီးနှင့်တစ်စီး တိုက်မိပြီး မီးလောင်သည့်အခါ ယာဉ်မောင်းသည် စတီယာရင်နှင့် ညပ်မိနေပြီး မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်မောင်းသူအား ကယ်တင်ဆွဲထုတ်နိုင်ရန် Hydraulic Spreaser, Hydraulic Cutter, Ram Gas Cutter ်များကို အသုံးပြုပြီး လေ့ကျင့်ခဲ့ကြစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ရေသေနတ်ဖြင့်ငြိမ်းသတ်နည်းမှာ အရှိန်ပြင်းပြင်းလောင်နေသောမီးထဲနှင့် ကျဉ်းမြောင်းသောနေရာများတွင် ရေအားနှင့် လေအားပေါင်းစပ်၍ ရေသေနတ်ကို အသုံးပြု၍ငြိမ်းသတ်ခြင်းဖြစ်သည်။

လွယ်ကူထိရောက်

အမြှုပ်သေနတ်မှာ ဆီမီးလောင်မှုတွင် မီးငြိမ်းသတ်ရာတွင် လွယ်ကူထိရောက်စွာဖြင့် မီးငြိမ်းသတ်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ အဆောက်အအုံအတွင်းဝင်ရောက်ခြင်းပြကွက်ကိုလည်း ဆက်လက်ပြသခဲ့ရာ မီးလောင်မှုကြောင့် မီးခိုးများအတွင်း သတိမေ့လျော့နေသူတစ်ဦးအား ကယ်တင်ခြင်းပြကွက်ဖြစ်သည်။

မီးလောင်မှုကြောင့် မီးခိုးများပိတ်နေသောအခြေအနေတွင် မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမီးသတ်ပစ္စည်းများ ဝတ်ဆင်ယူဆောင်လျက် ရဲဝံ့စွန့်စားစွာဖြင့် ဝင်ရောက်ကယ်ဆယ်ရသည့်ပြကွက်ဖြစ်သည်။

လေအိတ်အသုံးပြု

ထို့နောက် အသက်ကယ်ပစ္စည်း (Hydraulic Power Lifting Bog) အသုံးပြုနေ၍ ကယ်ဆယ်ခြင်းပြကွက်ကို ဆက်လက်ပြသခဲ့ရာ အဆောက်အအုံပြိုကျပိနေသူများ၊ သစ်ပင်လဲကျ၍ပိနေသူများ၊ကွန်တိန်နာကဲ့သို့အလေးချိန်များသည့်ပစ္စည်းများပိနေခြင်းတို့မှ အလွယ်တကူဖြင့် မိနစ်ပိုင်းအတွင်း အဆိုပါလေအိတ်ကိုအသုံးပြု၍ ကယ်ဆယ်နိုင်ကြောင်း သိရှိခဲ့ရသည်။

ဆက်လက်၍ ယာဉ်မတော်တဆဖြစ်မှုဖြစ်သည့် မီးလောင်မှုကို မီးငြိမ်းသတ်ကယ်ဆယ်ခြင်းပြကွက်ကို ပြသခဲ့ရာ ယဉ်မောင်းဖြစ်သူကို စတီယာရင်ညပ်နေသည့်အခြေအနေမှ ခေတ်မီစက်ကိရိယာများဖြစ်သည့် Hydraulic Spreaser ်၊ Hydraulic Cutter၊ Hydraulic Ram၊ Gas Cutter တို့ကိုအသုံးပြု၍ အလွယ်တကူကယ်တင်နိုင်ကြောင်း လေ့လာသိရှိရသည်။

မီးသတ်စွမ်းရည်ပြည့်

ယင်းနောက် မီးသတ်စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အမျိုးသား မီးသတ်စက်ကြီးပြိုင်ပွဲ၊ အမျိုးသမီးအပေါ့စားစက်ကလေးပြိုင်ပွဲနှင့် အမျိုးသားတူညီဝတ်စုံပြိုင်ပွဲများကိုလည်း ပြသခဲ့သည်။

ထို့နောက်မီးသတ်စက်ယာဉ်များ၏စွမ်းဆောင်နိုင်မှုပြကွက်၊ အဆောက်အအုံ တစ်ခုမှ အခြားအဆောက်အအုံတစ်ခုသို့ မီးမကူးစေရေး ကန့်လန့်ကာသဖွယ် ရေကိုအသုံးပြု၍တားဆီးသည့် Water Curtain နည်းစနစ်ပြကွက်၊ သစ်တော မီးလောင်မှုနှင့် ချုံနွယ်မီးလောင်မှုများတွင် ကာကွယ်တားဆီးနိုင်သည့် Water ်Wall ် ပြကွက်၊ ရေအလုံးအရင်းဖြင့် ရိုက်ပုတ်ပြီး မီးကိုငြိမ်းသတ်စေသည့်နည်း Water Hannerပြကွက်၊ မီးလောင်အဆောက်အအုံအတွင်း ဝင်ရောက်လိုသည့်အခါ ရေပိုက်ခေါင်းခုနစ်ခုစု၍ ဖောက်ထွင်းဝင်ရောက်ရန် Water Conbination ပြကွက်၊ မီးလောင်အဆောက်အအုံတစ်ခုအတွင်းသို့ မီးသတ်တပ်ဖွဲ့ဝင်များ ထိုးဖောက်ဝင်ရောက် ငြိမ်းသတ်ကြသည့်အခါ နောက်မှနေ၍ အပူနှင့် မီးဝိုင်းအန္တရာယ် သက်သာစေရန်အတွက် ကာကွယ်ပက်ဖျန်းပေးသော Water Overlap စနစ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်မှု သရုပ်ပြသည့် Water Co-perationပြကွက်များကို စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ပြသခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ မီးသတ် တပ်ဖွဲ့သည် နှစ်(၆၀)ခရီးသို့ ရောက်ရှိလာခြင်းနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ၊ စွန့်လွှတ် စွန့်စားမှုများ၊ ခေတ်မီနည်းစနစ်များကို နိုင်ငံတကာအဆင့်မီသုံးစွဲလာနိုင်မှုများကို တွေ့မြင်နေရပြီဖြစ်သည်။

ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ရန်စွယ်များကို စွန့်လွှတ်စွန့်စားကာကွယ်ပေးနေချိန်တွင် မီးဘေးရှောင် မလောင်ခင်ကတား၊ သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ မီးသတိပြုပါ၊ ကာကွယ်တားဆီးအန္တရာယ်မီး စသောဆောင်ပုဒ်များကို အသိဖြင့် ဆင်ခြင်၍ မီးလောင်မှု မဖြစ်ပေါ်ရေးအတွက် သတိရှိကြရန် တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါသည်။ ။

[နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားဖော်ပြပါသည်။]

(မြန်မာ့အလင်း)

ရှင်းပြ

မြန်မာနိုင်ငံ မီးသတ် ဦးစီးဌာနမှ တပ်ဖွဲ့ဝင်တစ်ဦးက ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်း များနှင့်ပတ်သက်၍ဤသို့ ရှင်းပြသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ညောင်လေးပင်မြို့နယ်မှ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃

နိုင်ငံတော်အစိုးရ၏ မဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာမှ ဝေဇယန္တာဓမ္မရိပ်သာ (မဟာစည်)ဆရာတော် ဘဒ္ဒန္တ ကောသလ္လအား တပည့်ဒါယကာ ဒါယိကာမတို့က ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၁၁ ရက် မေ၇ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျေးရွာ၌ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်သည်။

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)ကလည်းညောင်လေးပင်မြို့နယ်မှ ဘွဲ့ခံဆရာတော်သုံးပါးတို့အားလည်းကောင်း၊ တော်ဝိစံပြကျေးရွာ ဆရာတော်အားလည်းကောင်း အလှူငွေများလှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါအသင်းသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တန်ခိုးတော်အနန္တပြည့်ဝ မွန်းထုံရွှေစည်းခုံ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	မောင်မြန်မာစက်ဘီးစက်ရုံ (ရန်ကုန်)
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	Music Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာ ထွန်းနောင်)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	တစ်သက်တာစိတ်ချမ်းသာဖို့ ဉယျာဉ်ခြံမြေစိုက်ပျိုးစို့
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	အသက်ရာရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
၈း၅၀	ဗီစီဒီမိတ်ဆက်(ကမ္ဘာသစ်-၁)
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	အမွန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်-ရှမ်းပြည်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	သိပ္ပံအကြောင်းသိကောင်း စရာ
၁၀း၅၀	ဝါသနာရှင်စင်မြင့်
၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀	ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ ဂီတသဘင်စင်တင်တင်ဆက်မှု (နဲ၊ ပုလွေတို့ဖြင့်တင်ဆက်ခြင်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ပွဲကိုင်ရှင်-DVD)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၀၀	Man City-Arsenal	5-Sports(Live)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို တပ်ဖွဲ့ဝင်များသန့်ရှင်းရေးဆောင်ရွက်၊ သွေးလှူဒါန်း

ရန်ကုန် မေ ၃

မေ ၅ ရက်တွင် ကျရောက်မည့် မီးသတ်ဦးစီးဌာန၏ နှစ်(၆၀) ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့မွမ်းမံသင်တန်းအမှတ်စဉ်(၆/၂၀၀၆)မှ သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

အားပေး

အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများကလိုက်လံကြည့်ရှုအားပေးကြသည်။

သွေးလှူ

ယင်းအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင် ၉၇၀ တို့က သန့်ရှင်းရေးဆောင်ရွက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့က သွေးလှူဒါန်းကြသည်။

ဆက်လက်၍ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ၊ ခုတင်၅၀၀၌ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀ တို့က သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့ကသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လဆန်း ၈ ရက် (ဥပုသ်နေ့)

၄-၅-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အဆိုပြိုင်ပွဲ
၈း၀၅	၇။	အကပဒေသာ
၈း၁၅	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	ဇိုက္ကရဲရေထိန်းတံခါး
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Happy and Educational English Summer Course MRTV (Junior Class-I)

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၁၅	၆။	အဆိုပြိုင်ပွဲ
၁၇း၂၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၅	၈။	တေးဂီတအစီအစဉ်
၁၇း၄၅	၉။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၅၀	၁၀။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အကပြိုင်ပွဲ
၁၈း၄၀	၁၄။	ဝင်ငွေတိုးတက်ရရှိဖို့ စိုက်ပျိုးစွမ်းအားမြှင့်တင်စို့
၁၈း၅၀	၁၅။	အတီးပြိုင်ပွဲ
၁၈း၅၅	၁၆။	ကျေးလက်ဒေသဖွံ့ဖြိုးရေး လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ
၁၉း၀၅	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၅)
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၂)
	၂၂။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် မတ် ၁၃ ရက်၌ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ သောဘိတ မထေရ်မြတ်ကြီးအား ၁၃၆၈ခုနှစ် (ကဆုန်လပြည့်ကျော်၃ရက်) မေ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၌ တပည့်ဒါယကာ ဒါယိကာမများစုပေါင်း၍ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ပူဇော်နိုင်ကြစေရန် တပည့်အပေါင်းတို့အား ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ပြည်သူများအတွက်လိုအပ်သည့် စားသုံးဆီဖူလုံစေရေး ရည်ရွယ် သန့်ရှင်း၍ အရည်အသွေးမီပြီး ဈေးနှုန်းသက်သာအောင် တိုးချဲ့ထုတ်လုပ် ဆီသန့်စက်ရုံ သတ်မှတ်ကာလ အမြန်လည်ပတ်နိုင်ရေးဆောင်ရွက်

ရန်ကုန် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၌ အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး လေးဈေးနှင့် ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ယုဇနကုမ္ပဏီလီမိတက်၏ စားသုံးဆီသန့်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ လှိုင်သာယာ အခွန်လွတ်ဈေးသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်သာယာ အခွန်လွတ်ဈေးအတွင်းလည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ရွှေပြည်သာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက် ရာဇာဓိရာဇ်လမ်းရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆) ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည့် အခြေခံ စားသောက်ကုန်များကို သန့်ရှင်းလတ်ဆတ်စွာဖြင့် ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ တိုင်းအတွင်း ယခင်က အခွန်လွတ်ဈေး ခြောက်ခုသာရှိခဲ့ရာမှ ယခု ဈေးသစ်လေးခုကို ထပ်မံဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ဈေးအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချ၊ ဝယ်ယူကြစေရေး ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းကြရန် မှာကြားပြီး ဈေးရောင်းချသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ Yuzana Co., Ltd. Yuzana Edible Oil Group ၏ စားသုံးဆီသန့်စက်ရုံသို့ ရောက်ရှိလာရာ Yuzana Co., Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စက်ရုံအရောင်းခန်းမ၌ ပြသထားသည့် Lucky Fish တံဆိပ် မြေပဲဆီ၊ ရွှေဒင်္ဂါးတံဆိပ် မြေပဲဆီသန့်၊ Lucky Fish တံဆိပ် မြေပဲဆီ ကုန်ကြမ်းပစ္စည်း အသုံးပြုသည့် ပဲပုပ်စေ့နှင့် ပဲဖတ်နမူနာများ၊ Yuzana Edible Oil Group ၏ Refinery Plant Model၊ Royal တံဆိပ် ဟင်းရွက်ဆီ၊ Victoria တံဆိပ် စားအုန်းဆီ၊ Turkey Vegetable Ghee Victoria Shortening နှင့် Sunshine Palm Stearin တို့ကို လိုက်လံကြည့်ရှုကြရာ Yuzana Co.,Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ရှင်းလင်းပြသသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ Yuzana Co.,Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆီအုန်းစိုက်ပျိုးရန် လျာထားဧက တစ်သိန်းအနက် ၆၆၂၇၂ ဧက စိုက်ပျိုးပြီးစီးမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဆီချောထုတ်လုပ်ပုံအဆင့်ဆင့် ဆီချောစက်ရုံနှင့် ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ပဲဆီသန့်ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူများအတွက် လိုအပ်သည့် စားသုံးဆီဖူလုံစေရန် အဓိကရည်ရွယ်၍ ထုတ်လုပ်ကြရန်နှင့် စားသုံးဆီသန့်စက်ရုံကို သတ်မှတ်ကာလအတွင်း အမြန်လည်ပတ်နိုင်ပြီး သန့်ရှင်း၍ အရည်အသွေးမီပြီး ဈေးဥပဒ်ကင်းသည့် စားသုံးဆီများကို တိုးချဲ့ထုတ်လုပ်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် Yuzana Co.,Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပဲပုပ်ဆီသန့် ၁၈ လီတာပုံး ၁၅၀၊ နှစ်လီတာဘူး ၃၀၀ နှင့် တစ်လီတာဘူး ၉၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လက်ခံရယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား Yuzana Co,Ltd. ဥက္ကဋ္ဌ ဦးဌေးမြင့်က ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပဲပုပ်ဆီသန့်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Yuzana Co,Ltd. Yuzana Edible Oil Group ၏ စားသုံးဆီသန့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့်မိသားစုများအား ငွေနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)တို့က လှိုင်သာယာမြို့နယ် လေဘေးသင့်ခံရသည့် မိသားစုများအား ကူညီထောက်ပံ့အားပေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၆)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လေဘေးသင့်ခံ မိသားစုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ ရှေးဦးစွာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လေပြင်းတိုက်ခတ်မှုကြောင့် စက်မှုဇုန်ရှိ စက်ရုံများ၊ အဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးဝန်ထမ်းအိမ်ရာ၊ လူနေအိမ်များ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့်ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ လှိုင်သာယာမြို့နယ် လေဘေးသင့်ခံ ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က အလှူငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ကိုယ်စား) ဗဟိုအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အလှူငွေကျပ် ငါးသိန်းနှင့် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးငြိမ်းမောင်(ငြိမ်း)က အလှူငွေကျပ် ငါးသိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အလှူငွေကျပ် တစ်သိန်းနှင့် ဝင်းဝင်းအမွေးတိုင်၊ ဖယောင်းတိုင်လုပ်ငန်းမှ ဦးလွမ်းတင်-ဒေါ်ရှုဟန်တို့က အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းနိုင်နှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့က လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် အခြေခံပညာမူလတန်းကျောင်း အမှတ်(၆) လေဘေးသင့်ခံပြည်သူများ စောင့်ရှောက်ထားရှိမှုစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကြကြောင်း သိရသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကျော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမတွင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ကျော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအား အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

✡ ***ကျော့ဖုံးမှ***

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကော့သောင်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စိုက်ပျိုးနိုင်ရန် ကြက်ဆူပျိုးပင်များကို တပ်ရင်း၊ တပ်ဖွဲ့များထံ ဝေငှပေးအပ်သည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေက ကော့သောင်းတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနိုင်ရန် ပျိုးပင်များကို ဝေငှပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၏ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ရွှေပြည်သာ တောင်ကုန်း၌ ကျင်းပသည့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်၏ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အား ပေးကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ကော့သောင်းမြို့ပေါ်ရှိ ဌာနဆိုင်ရာများ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများက ခြံစည်းရိုးကြက်ဆူပင် တစ်သိန်း နှစ်သောင်းတို့ကို တပျော်တပါး စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်များကို ရှင်းလင်းဆောင်၍ ဆက်လက်ကျင်းပရာ ရှေးဦးစွာကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ကော့သောင်း ခရိုင်အတွင်း မြို့နယ်များ၌ ၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်တို့တွင် ခြံစည်းရိုးကြက်ဆူပင်ဧက တစ်သိန်း စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၆၄၀၀နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧက ၉၀၆၀၀ စိုက်ပျိုးသွားမည့် အစီအစဉ်များကို ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးတင်မောင်မြင့်က တိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်ဧက ငါးသိန်းကို သုံးနှစ်အတွင်း စိုက်ပျိုးရန် လမ်းညွှန်ခဲ့မှုအပေါ် နှစ်နှစ်အတွင်း စိုက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှု နည်းစနစ်များနှင့် ခြံစည်းရိုး ကြက်ဆူဆီ၏ အသုံးဝင်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်း တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှုနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသည် ကော့သောင်းခရိုင်အတွက် မြေပေါ်သယံဇာတရင်းနှီးမြှုပ်နှံသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာတွင် လောင်စာဆီသည် အကန့်အသတ်တစ်ခုအနေဖြင့် တည်ရှိလျက်ရှိကြောင်း။

အမျိုးသားရေးတာဝန်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးကို မျှော်မှန်း၍ လောင်စာဆီ အခက်အခဲအတွက် ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် စိုက်ခင်းများအထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန်** လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံသူနိုင်ငံသားများနှင့် ဒေသနေ ပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကော့သောင်းမြို့ အပါအဝင် တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များသည် ပင်လယ်နှင့် ဆက်စပ်နေသော ဒေသဖြစ်ရာ ငါးဖမ်းစက်လှေများ၊ စက်တပ်သမ္ဗန်များ၊ လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များ အစရှိသည့် အသေးစား စက်ကိရိယာများဖြင့် လည်ပတ်ရသော လုပ်ငန်းများ၊ ယာဉ်များတွင် စက်သုံးဆီလိုအပ်လာမည်ဖြစ်ကြောင်း။

ကြက်ဆူ ကြိတ်ဖတ်ကိုလည်း တောင်သူလယ်သမားများ၏ စိုက်ခင်းများတွင် မြေဩဇာအဖြစ် ထည့်သွင်းအသုံးပြုနိုင်ကြောင်း၊ လောင်စာဆီအတွက် ခြံစည်းရိုးကြက်ဆူစေ့မှ ရရှိသည့် ဆီသည် ပြုပြင်ခြင်းမလုပ်ရဘဲ ဒီဇယ်အင်ဂျင်ထဲ တိုက်ရိုက်ထည့်သွင်း၍သုံးစွဲနိုင်မည်ဖြစ်သဖြင့် ဒေသ၏ လောင်စာဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံ

ထိုကဲ့သို့ နိုင်ငံနှင့်အဝန်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုး၍ ကြက်ဆူဆီမှ ဇီဝလောင်စာဖြည့်တင်းနိုင်လျှင် လောင်စာဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းနေမှု ကုန်ကျစရိတ်ကို ထက်ဝက်လျှော့ချနိုင်မည်ဖြစ်ပြီး ငွေကြေးများကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုက်ပါက ဧရာဝတီမြစ်ကူးတံတားကြီးများကဲ့သို့ တံတားပေါင်းမြောက်မြားစွာကို တည်ဆောက်သွားနိုင်မည် ဖြစ်ကြောင်း။

ယနေ့ ကာလတွင် ခြံစည်းရိုး ကြက်ဆူပင်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်းများ၌ အမျိုးသားရေးအသိဖြင့် ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် စိုက်ပျိုးလျက်ရှိရာ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း၏ အကျိုးရလဒ်ကို သိရှိနားလည်ပြီး ယနေ့ စိုက်ပျိုးခဲ့သည့် ခြံစည်းရိုး ကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးသွားကြရန်နှင့် ခရိုင်နှင့် မြို့နယ်အတွင်း၌ သတ်မှတ်ဧက ပြည့်မီရုံသာမက ကျော်လွန်အောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံအတွင်း ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမသို့ ရောက်ရှိကြပြီး တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ခရိုင်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး ၃၇၃၁၃ ဧကနှင့် နွေစပါး ဧက ၅၀၀ စိုက်ပျိုးခဲ့မှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဆီအုန်း ၁၁၂၃၃၄ဧက၊ ရော်ဘာ ၅၂၃၆ ဧက၊ ငရုတ်ကောင်း ၄၇၆၃ ဧက စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေနှင့် ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် အတွက် ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း၊ တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမန်နေဂျာ ဦးခွန်ရွှေသိန်းက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆီအုန်းစိုက်ပျိုးရန် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပုဂ္ဂလိကဆီအုန်းစိုက်ပျိုးရာတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဆောင်ရွက်ပေးထားမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကော့သောင်း တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို တပ်ရင်း၊တပ်ဖွဲ့များထံ ဝေငှပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းအတွက် ကုမ္ပဏီများကို မြေ ၁၄၃၁၆၁၉ ဧက လျာထားသတ်မှတ်ပေးခဲ့မှုနှင့် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရော်ဘာဧက နှစ်သိန်း၊ ဆီအုန်းဧက ငါးသိန်း၊ ငရုတ်ကောင်း ၃၆၀၄၁ ဧကပြည့်မီစွာ စိုက်ပျိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးစားလုပ်ကိုင်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းလမ်းငါးသွယ်ဖြင့် စိုက်ပျိုးသွားကြရေး၊ ဆီအုန်းလုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ် တိုးတက်စိုက်ပျိုးနိုင်မည့်စိုက်ဧကကို စာရင်းပြုစုတင်ပြရေးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးတို့တွင် ဝိုင်းဝန်းပါဝင် စိုက်ပျိုးကြရေး၊ ကော့သောင်းမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကိုစောင့်ထိန်းပြီး ကြိုးကြိုးစားစားဖြင့် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညှိနှိုင်းဆွေးနွေး

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ်ရိပ်သာခန်းမ၌ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ၂၀၀၅-၂၀၀၆ ခုနှစ် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

မဟာသန္တိသုခမှအဘိဓမ္မာသင်တန်းတက်ရောက်နိုင်

ရန်ကုန် မေ ၃

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ယခင်နှစ် ပညာတော်သင်နှစ် အဘိဓမ္မာအဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၆၉ဦး တက်ရောက်ခဲ့ကြသည်။ ယခုပညာတော်သင်နှစ်အတွက် ဘာသာရပ်များ တိုးချဲ့ပြီး အဘိဓမ္မာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် စသည်တို့ကို ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇနိတနှင့် သင်တန်းမှူးဆရာ သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်တို့ ကိုယ်တိုင်သင်ကြားပို့ချမည်ဖြစ်ရာ မေ ၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင် အဓိပတိခန်းမဆောင်၌ သင်တန်းဖွင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများနှင့် ဓမ္မမိတ်ဆွေများ သတ်မှတ်နေရာရရှိရေးအတွက် ယနေ့မှစတင်ကာ မဟာသန္တိသုခ ရုံးဖုန်း- ၅၄၄၉၃၈နှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

● ***ကျော့ဖုံးမှ***

၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ် ရေးထိုးကာ ဧပြီ ၃၀ ရက်တွင် ကျောက်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၅ဦးတို့က ပေးပို့သည့် နုတ်ထွက်လွှာတွင် ၎င်းတို့သည် ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်အဖြစ် ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်ကာ ဒေသခံပြည်သူလူထု အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ NLD ပါတီအနေဖြင့် ယနေ့ပြန်ကြည့်ပါက နိုင်ငံတော်အစိုးရ လုပ်ဆောင်နေမှုများကို အပြုသဘော ကောင်းမြတ်သောစိတ်ထားဖြင့် ရှုမြင်သုံးသပ်ခြင်းမရှိဘဲ အဆိုးမြင်ဝါဒဖြင့် ဘေးထိုင်၍ ဝေဖန်ပြစ်တင်ကာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုကို ဖျက်လိုဖျက်ဆီးလုပ်ရမည့် သဘောမျိုးတွေ့ရှိနေရပါကြောင်း၊ လတ်တလောအနေဖြင့်လည်း NLD သည် ဧပြီ ၁၇ ရက်နေ့အတွင်း "ဘာလုပ်ပေးရမည်"၊ မေလ ၂၇ ရက်နေ့တွင် " မည်သို့စီစဉ်ပေးရမည် " စသည်ဖြင့် အာဏာရရှိရေး အကျိုးကိုမျှော်ကိုးပြီး နိုင်ငံတော်အစိုးရအား ရာဇသံပေးသည့် သဘောမျိုး ကြေညာချက်ထုတ်၍ တောင်းဆိုနေသည်များကိုလည်း ကြားသိမြင်တွေ့နေရသည်မှာ လွန်စွာ စိတ်ပျက်ဖွယ်ရာကောင်းလှပါကြောင်း၊ ယင်းကြေညာချက်များသည် ပြည်သူတို့၏ သဘောဆန္ဒနှင့်လည်း ကိုက်ညီမှုမရှိသကဲ့သို့ ၎င်းတို့အနေဖြင့်လည်း လက်မခံနိုင်ပါကြောင်း၊ နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် သွေးထိုးနှောင့်ယှက်နေသည့် သဘောမျိုးသာဖြစ်သည်ဟု ၎င်းတို့အနေဖြင့် တွေ့ရှိသုံးသပ်ရရှိပါကြောင်း၊ ယနေ့ ၎င်းတို့ဒေသတွင် ပြည်သူလူထုအနေဖြင့် ယခင်ကာလများနှင့်မတူဘဲ တိုးတက်ဖွံ့ဖြိုးမှုများကို လက်တွေ့ မြင်သိခံစားနေရသကဲ့သို့ အခြေခံဖြစ်သည့် နယ်မြေတည်ငြိမ်မှု၊ အေးချမ်းသာယာမှုများကိုလည်း ၎င်းတို့ကိုယ်တိုင် ရရှိခံစားနေရပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၎င်းတို့သည် တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် အကျိုးပြုသော သန့်စင်မွန်မြတ်သည့် ရပ်တည်မှုကိုသာ လိုလားပြီး ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်း၊ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်း၍ ရပ်ရွာအကျိုးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားလိုသည့် ဆန္ဒရှိပါသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီတာဝန်များမှလည်းကောင်း နုတ်ထွက်ပါကြောင်း၊ ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလက ပါတီဝင် ၁၇ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှမောင်အပါအဝင် ပါတီဝင် ၁၅ဦးက ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုးနုတ်ထွက်ခဲ့ပြီး ဦးအုန်းမြင့် (အဖွဲ့ဝင်၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)သည် အခြားဒေသသို့ ပြောင်းရွှေ့သွားကာ ဦးတင်မောင် (အဖွဲ့ဝင်၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်ခြင်းကြောင့် ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

4-5 (09).p65 1 1/3/32, 12:44 AM

ခံတွင်းကျန်းမာရေးနှင့် အစာအာဟာရ

ဒေါက်တာညီညီ

အစာအာဟာရဟူသည် သက်ရှိတို့ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်ပေရာ သင့်တင့်မျှတစွာ မှီဝဲခြင်းဖြင့် ကျန်းမာရေးကို တည်တံ့ရှင်သန်အောင် လုံ့လပြုကြရသည်။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အစားအစာတွင် အရည်မှလွဲ၍ အစိုင်အခဲ၊ အစေးအပျစ်၊ အစိုအခြောက် အလုံးစုံကို ခံတွင်း၌ သွားဖြင့် ကြေညက်အောင် ကြိတ်ဝါးခြေဖျက်ပြီးမှသာလျှင် အစာအိမ်တွင် အစာခြေရည်ဖြင့် ရောနှောပျံ့နှံ့ကြေပျက်စေလျက် ခန္ဓာကိုယ်အတွက် အသွေးအသားအင်အားများ အဖြစ် ပြုပြင်ပြောင်းလဲ ပွားစီးရှင်သန်ကြရသည်။ အကယ်၍ ခံတွင်း၌ တစ်စုံတစ်ရာသော အနာအဆာရှိ၍ဖြစ်စေ၊ သွားများပျက်စီးဆုံးရှုံးနေ၍ ဖြစ်စေ အစာကို ကောင်းစွာမဝါးနိုင်လျှင် ခံတွင်း၏ ကောင်းခြင်း၊ နှုတ်၏ မြိန်ခြင်းတို့သည် လျော့ပါးပျက်ပြယ်လျက် ခန္ဓာကိုယ်အတွက် သင့်တင့်မျှတသော အာဟာရရနိုင်ရန် အဟန့်အတား အခက်အခဲ ဖြစ်ပေလိမ့်မည်။ သွားနှင့်ခံတွင်းဟူသော ရုပ်တရားသည် ခန္ဓာကိုယ်အတွက် အာဟာရ ရရှိကြောင်းကို အထောက်အပံ့ဖြစ်စေသကဲ့သို့ အာဟာရသည်ပင်လျှင် ရုပ်တရား၊ နာမ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေနိုင်သော သဘောရှိပေရာ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေသော အစာအာဟာရများအကြောင်းကို ရွေးချယ်တင်ပြလိုပေသည်။

ခန္ဓာကိုယ်အတွက် လွန်စွာအရေးပါသော သက်စောင့်ဓာတ်ဟု ခေါ်ဆိုသည့် ဗီတာမင်များအနက် ဗီတာမင်– ဘီအုပ်စုသည် ခံတွင်းကောင်းမွန်ခြင်း၊ အစာကြေခြင်း၊ အင်အားနှင့် အာရုံကြောများ ကောင်းမွန်ခြင်းတို့ကို ဖြစ်စေသည်။ ဗီတာမင်–ဘီချို့တဲ့လျှင် ခန္ဓာကိုယ်တွင် ဗီတာမင်–ဘီ ချို့တဲ့သည့်လက္ခဏာကို ခံတွင်းနှင့် ခံတွင်းပတ်ဝန်းကျင်၌ ဦးစွာမြင်တွေ့နိုင်သည်။ လျှာကွဲခြင်း၊ နှုတ်ခမ်းကွဲခြင်းနှင့် ကျီးကန်းပါးစပ်နာဟု ခေါ်သည့် နှုတ်ခမ်းထောင့်တွင် အနာဖြစ်ခြင်းသည် ဗီတာမင်–ဘီ၂ ချို့တဲ့သည့်လက္ခဏာများဖြစ်သည်။ ဗီတာမင်–ဘီအုပ်စုဝင် နိုင်ယာစင်ဓာတ်ချို့တဲ့လျှင် အစာလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်တတ်ပြီး ခံတွင်းနှင့်နှုတ်ခမ်းတွင် အနာဖြစ်ခြင်း၊ လျှာရောင်ခြင်း၊ နှုတ်ခမ်းရောင်ခြင်း၊ ခံတွင်းပျက်ခြင်း စသည်တို့ဖြစ်စေသည်။ သွေးအားနည်းသော ရောဂါသည် သံဓာတ်၊ ဗီတာမင်–ဘီအုပ်စုဝင် ဘီ ၁၂နှင့် ဖောလစ်အက်စစ်ဓာတ်တို့ ချို့တဲ့မှုကြောင့်ဖြစ်နိုင်ပြီး သွေးအားနည်းလျှင် ခံတွင်းတွင် တွေ့ရတတ်သည့် လက္ခဏာများမှာ လျှာ၌ ရသာဖုများ ပါးလွှာ၍ ပြောင်ချောနာကျင်လျက် ရောင်နေခြင်း၊ နှုတ်ခမ်းထောင့်တွင် အနာဖြစ်ခြင်းနှင့် ပါးစောင်တွင် အနာငယ်များ ဖြစ်ခြင်းတို့ဖြစ်သည်။

Aphthous ulcer ဟု ခေါ်သော အနာသည် ပါးစောင် အမြှေးပါးတွင် အရေအတွက်တစ်ခုမှ လေးငါးခုအထိ မကြာခဏဖြစ်တတ်သော အနာငယ်လေးများဖြစ်ပြီး တစ်ခါတစ်ရံတွင် သွားဖုံး၊အာခေါင်နှင့် လျှာတို့၏ အပေါ်ယံအမြှေးပါးများ၌လည်း ဖြစ်လေ့ဖြစ်ထရှိသည်။ ယင်းအနာငယ်လေးများသည် တစ်ပတ်နှစ်ပတ်ခန့်ကြာလျှင် အလိုလိုပျောက်ကင်းကာ အနာဖြစ်နေချိန်တွင်မူ မည်သည့်အစာမျှ မစားနိုင်လောက်အောင် နာကျင်လှသည်။ ကမ္ဘာ့လူဦးရေ၏ ၁၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းသည် Aphthous ulcer အနာငယ်လေးများ မကြာခဏဖြစ်လေ့ရှိပြီး ယင်းအနာသည် ကိုယ်ခံစွမ်းအင်၏ တုံ့ပြန်မှုကြောင့်လည်းကောင်း၊ စိတ်ဖိစီးမှု၊ အချို့သော နာတာရှည်ရောဂါ၊ အမျိုးသမီးများ ဓမ္မတာလာသည့်ကာလ၊ အာဟာရချို့တဲ့မှု (ဗီတာမင်–ဘီ ၁၂၊ ဖောလစ်အက်စစ်နှင့် သံဓာတ်ချို့တဲ့မှု) တို့ကြောင့်လည်းကောင်း ဖြစ်နိုင်သည်။ သို့ဖြစ်ရာ **ခံတွင်းကျန်းမာရေး ကောင်းမွန်စေရန် ဗီတာမင်–ဘီ အုပ်စုဝင် အာဟာရဓာတ်များ ပါဝင်သော မောင်းထောင်းဆန်၊ လုံးတီးဆန်၊ ရေခန်းချက်ထားသော ထမင်း၊ ဂျုံ၊ ပြောင်း၊ ဖွဲနု၊ မြေပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲအမျိုးမျိုး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ နို့နှင့် နို့ထွက်ပစ္စည်းများကိုလည်းကောင်း၊ သံဓာတ် ပါဝင်သော အမဲသား၊ အသည်း၊ ဥ၊ အစိမ်းရောင်ရှိသော ဟင်းသီး ဟင်းရွက်များနှင့် ပဲအမျိုးမျိုးတို့ကိုလည်းကောင်း ပြည့်ဝမျှတစွာ စားသုံးသင့်ပေသည်။**

ယနေ့ကမ္ဘာတွင် လူလတ်ပိုင်းအရွယ်၏ ၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းသည် ဆိုးရွားသော သွားဖုံးရောဂါများကြောင့် သွားများ ဆုံးရှုံးလျက်ရှိသည်။ သွားဖုံးရောဂါသည် အောက်စီဂျင်ကို ဓာတ်တုံ့ပြန်နိုင်သော ဘက်တီးရီးယားမျိုးစိတ်ကြောင့်ဖြစ်ရပြီး ဓာတ်တိုး ဆန့်ကျင် အာဟာရဓာတ်များဖြစ်သည့် ဗီတာမင်–စီ၊ ဘီတာကယ်ရိုတင်းနှင့် ဗီတာမင်–အီးတို့က သွားဖုံးရှိ ဆဲလ်များ၊ တစ်သျှူးများကို ဘက်တီးရီးယားများ မဖျက်ဆီးနိုင်အောင် ကြားခံအဖြစ် ကာကွယ် ပေးနိုင်သည်။ သို့ဖြစ်ရာ သွားဖုံးရောဂါများကင်းဝေးစေရန် ဓာတ်တိုး ဆန့်ကျင် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ စပါး၊ ဂျုံ၊ ပြောင်း စသည့် ကောက်ပဲသီးနှံများ၊ မြေပဲ၊ နှမ်း၊ သီဟိုဠ်စေ့၊ ဗာဒံစေ့၊ နေကြာစေ့ စသည့် အစေ့အဆန်များကို လုံလောက်မျှတစွာ စားသုံးသင့်ပါသည်။

ခံတွင်းကင်ဆာသည် ကမ္ဘာတွင် အဋ္ဌမမြောက် အဖြစ်အများဆုံး ကင်ဆာဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုဖြစ်ပွားလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနက် တောင်အာရှအလယ်ပိုင်းဒေသများတွင် လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနက် ဒိန်းမတ်၊ ဂျာမနီ၊ စကော့တလန်၊ ပြင်သစ်နှင့် အရှေ့ဥရောပဒေသများတွင် လည်းကောင်း ဖြစ်ပွားနှုန်းမြင့်မားလျက်ရှိပြီး ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ အရက်သုံးစွဲခြင်းနှင့် ချွန်ထက်သော သွားနှင့် သွားတုများ ရှိနေခြင်းတို့သည် ခံတွင်းကင်ဆာကို ဖြစ်စေနိုင်သော အကြောင်းရင်းခံများ ဖြစ်သည်။ အစားအစာများတွင် ပါဝင်သော အာဟာရဓာတ်များက ခံတွင်းကင်ဆာဖြစ်စေနိုင်သော အန္တရာယ်ကို ကာကွယ်နိုင်သည့် သာဓကများအား လေ့လာကြရာတွင် ဗီတာမင်–စီသည် ခံတွင်းကင်ဆာကို ကာကွယ်နိုင်ကြောင်း ခြေမြစ်ခိုင်မာသည့် အထောက်အထားများ တွေ့ရှိရပြီး သံဓာတ်၊ စီလီနီယမ်ဓာတ်၊ ဗီတာမင်–အီး၊ ဗီတာမင်–အေနှင့် ဘီတာ ကယ်ရိုတင်းတို့တွင်မူ ခံတွင်းကင်ဆာ ကာကွယ်နိုင်မှု၌ ဝိဝါဒကွဲပြားလျက်ရှိသည်။ **လတ်ဆတ်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ စားသုံးခြင်းသည် မြေပဲ၊ နှမ်း၊ သီဟိုဠ်စေ့၊ နေကြာစေ့စသော အစေ့အဆန်များ စားသုံးခြင်းထက် ခံတွင်းကင်ဆာကို ပိုမို၍ ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။** ၁၉၈၈ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် လူဦးရေ ၆၀၀ခန့်ကို လေ့လာထားသော စာတမ်းတစ်စောင်၌ သစ်သီးများစွာ စားသုံးသည့်အုပ်စုက အနည်းငယ်သာ စားသုံးသည့်အုပ်စုထက် ခံတွင်းကင်ဆာဖြစ်နိုင်သော အန္တရာယ်သည် ရာခိုင်နှုန်း ၄၀မှ ၈၀အထိ လျော့နည်းကြောင်း ပါရှိပါသည်။ သစ်သီးများအနက် အထူးသဖြင့် ဗီတာမင်–စီဓာတ် ကြွယ်ဝသော သစ်သီးများ (ဥပမာ–ရှောက်၊ လိမ္မော်၊ စပျစ်၊ ဆီးဖြူ)စားသုံးခြင်းသည် ခံတွင်းကင်ဆာကို ကာကွယ်နိုင်သည်။ ပူလောင်သော အစားအစာများ၊ အရည်များ၊ အသားကင်နှင့် ငါးကင်များ စားသုံးခြင်းသည် ခံတွင်းကင်ဆာဖြစ်နိုင်မှုကို အားပေးရာရောက်သဖြင့် ယင်းတို့ကို စားသုံးခြင်းမှ ရှောင်ကြဉ်သင့်သည်။

သွားကြွေလွှာပါးခြင်းသည် သွားမျက်နှာပြင်ရှိ အသစ်ပြန်မဖြစ်နိုင်သော ကြွေလွှာကို အစားအစာတွင်ပါဝင်သည့် ဓာတုပစ္စည်း (အက်စစ်ဓာတ်)က တဖြည်းဖြည်းတိုက်စားသွားခြင်းကြောင့် မျက်နှာပြင်ပါးလာခြင်းဖြစ်ပြီး တာရှည်တွင် သွားကျဉ်ခြင်း၊ သွားနာသွားကိုက်ခြင်းအထိ ဆိုးရွားနိုင်ပါသည်။ သွားကြွေလွှာ ပါးခြင်းသည် အချဉ်ဓာတ်ပါဝင်သော သစ်သီးဖျော်ရည်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်သော အချိုရည်များ၊ ဝိုင်၊ ရှန်ပိန်ကဲ့သို့ အပျော့စားယမကာများ၊ ပုံးရည်၊ ရှလကာရည်၊ ရှောက်မျိုးနွယ်ဝင် သစ်သီးများနှင့် ဘယ်ရီသီးကဲ့သို့ အရည်ရွှမ်းသော သစ်သီးများ မကြာခဏ စားသုံးခြင်းကြောင့်ဖြစ်သည်။ သွားကြွေလွှာပါးခြင်းသည် ကမ္ဘာတွင် တဖြည်းဖြည်း ကြီးမားလာသော ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာပြီး လူလတ်ပိုင်းအရွယ်၏ ၈ ရာခိုင်နှုန်းမှ ၁၃ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိသည်။

ကယ်လ်စီယမ်ဓာတ်သည် အရိုးနှင့်သွားများ ကြံ့ခိုင်ရေးအတွက် အရေးပါသော သတ္တုဓာတ်ဖြစ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများနှင့် ငါးကလေးခြောက်တို့တွင် ကြွယ်ဝစွာ ပါဝင်သည်။ ကယ်လ်စီယမ်ဓာတ်သည် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် အထူးလိုအပ်သော အာဟာရဓာတ်ဖြစ်ပြီး ဗီတာမင်–ဒီ၏ အကူအညီဖြင့် စားသုံးလိုက်သော အစာတွင် ပါဝင်သည့် ကယ်လ်စီယမ်ဓာတ်ကို အစာလမ်းကြောင်းမှ စုပ်ယူရရှိနိုင်သည်။ ဗီတာမင်–ဒီနှင့် ဗီတာမင်–အေ ချို့တဲ့လျှင် မွေးရာပါ သွားကြွေလွှာပါးလွှာခြင်းနှင့် မွေးရာပါ တံတွေးဂလင်း ကြုံလှီခြင်းတို့ ဖြစ်စေပြီး နောက်ဆက်တွဲအနေဖြင့် သွားပိုးစားလွယ်ခြင်းကို ဖြစ်စေနိုင်သည်။ ဗီတာမင်–ဒီနှင့် အေတို့ကို ငါးကြီးဆီ၊ ဥအမျိုးမျိုး၊ နို့နှင့် တိရစ္ဆာန်အဆီတို့မှလည်းကောင်း၊ ဗီတာမင်–အေကို ဂေါ်ဖီထုပ်၊ ဆလတ်ရွက် ကဲ့သို့သော အစိမ်းရောင်ဟင်းသီးဟင်းရွက်များနှင့် သရက်သီး၊ နာနတ်သီး၊ မုန်လာဥနီ၊ မုန်လာဥဝါ၊ ရွှေဖရုံသီးကဲ့သို့သော အဝါရောင်၊ အနီရောင် သစ်သီးများမှ လည်းကောင်း ရရှိနိုင်သည်။

သွားနှင့်ခံတွင်းရောဂါများအနက် လူတိုင်းဖြစ်ဖူးသည့် သွားပိုးစားရောဂါသည် သကြားဓာတ်လွန်ကဲသော အစားအစာများ စားသုံးမှုနှင့် ဆက်နွှယ်ပေသည်။ ရောဂါဖြစ်စဉ်မှာ ခံတွင်းရှိ ဘက်တီးရီးယားများသည် လူတို့စားသုံးလိုက်သော အစာမှ သကြားဓာတ်၏ အထောက်အပံ့ဖြင့် ဇီဝဖြစ်စဉ်ဖြစ်စေလျက် အော်ဂဲနစ်အက်ဆစ်ကို စွန့်ထုတ်လိုက်ရာ ထိုအက်စစ်က သွားကို ဆွေးမြည့်ပျက်စီးစေခြင်းဖြင့် သွားပိုးစားရောဂါကို ဖြစ်စေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော်ကာလတစ်လျှောက်လုံး လူထုကျန်းမာရေး စီမံချက်ဖြင့် သွားပိုးစားရောဂါဖြစ်ပွားမှုလျော့ချရန် ကြိုးပမ်းခဲ့ကြသော်လည်း ရိုးရာ စားသောက်မှုအလေ့အထ၌ သကြားစားသုံးမှုလွန်ကဲသဖြင့် သွားပိုးစားရောဂါပျံ့နှံ့မှုသည် မြင့်မားလျက်ရှိနေဆဲ ဖြစ်သည်။ အချို့ဒေသများတွင် လူတစ်ဦးစီ၏ သကြားစားသုံးမှုကို တစ်နှစ်လျှင် ၁၈ကီလိုဂရမ်အောက် နှိမ့်ချစေခြင်းဖြင့် သွားပိုးစားရောဂါဖြစ်ပွားမှု နိမ့်ကျအောင် ဆောင်ရွက်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်း သကြားလိုအပ်ချက်ကို လျှော့ချခဲ့စဉ်က ကလေးငယ်များ၏ သွားပိုးစားရောဂါဖြစ်ပွားမှုသည် သိသိသာသာ ကျဆင်းခဲ့ပြီး သကြားသုံးစွဲမှု ကန့်သတ်ချက်ကို လျှော့ပေါ့လိုက်သည့်အခါတွင် သွားပိုးစားရောဂါသည် ပြန်လည်ဦးမော့လာခဲ့သည်။

အလာစကာ၊ အီသီယိုးပီးယား၊ ဂါနာ၊ နိုင်ဂျီးရီးယား၊ ဆူဒန် စသည့် ဒေသတို့တွင် ရိုးရာအစားအစာကို အနောက်တိုင်း အစားအစာနှင့် ပြောင်းလဲစားသုံးလာကြသဖြင့် အနောက်တိုင်းအစာတွင် သကြားပါဝင်မှု လွန်ကဲပေရာ ၂၀ရာစုနောက်ပိုင်းကာလများ၌ ယင်းဒေသများ၏ သွားပိုးစားရောဂါ ပျံ့နှံ့ဖြစ်ပွားမှုသည် သိသာစွာ မြင့်မားလာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖလိုရိုဒ်အသုံးပြုမှုမပြည့်စုံသေးခြင်းနှင့် အချိုစားသုံးမှုမြင့်မားလာခြင်းကြောင့် သွားပိုးစားရောဂါ ပျံ့နှံ့ဖြစ်ပွားမှု မြင့်မားလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ဒေသအသီးသီးတွင် သွားပိုးစားရောဂါဖြစ်ပွားမှု လျော့ကျစေရေးအတွက် လူတစ်ဦးစီ၏ သကြားစားသုံးမှုသည် တစ်နှစ်လျှင် ၁၀ ကီလိုဂရမ်အောက် (တစ်ရက်လျှင် ၁ ဒဿမ ၅ ကျပ်သားအောက်) လျော့နည်းသင့်ကြောင်း တင်ပြထားပါသည်။ အကြိမ် အရေအတွက်အားဖြင့် သကြားပါဝင်သော အစာစားသုံးမှုသည် တစ်နေ့လျှင် လေးကြိမ် (သို့မဟုတ်) လေးကြိမ်အောက် လျော့နည်းသင့်ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ သကြားပါဝင်သော အစာများ (ဥပမာ– ချောကလက်၊ ကိတ်မုန့်၊ ဘီစကစ်၊ ကော်ဖီ၊ လက်ဖက်ရည်၊ အချိုရည်မျိုးစုံ၊ ထန်းလျက်၊ ကြံသကာ စသည့် အချိုမုန့်မျိုးစုံ)ကို နံနက်စာ၊ နေ့လယ်စာနှင့် ညစာကဲ့သို့သော အဓိကအစားအစာများ စားအပြီးတွင် အနည်းငယ်သာ စားသင့်ပြီး စားပြီးသည်နှင့် ပလုတ်ကျင်းခြင်း၊ သွားပွတ်ကြိုးအသုံးပြု၍ သွားကြားကို သန့်ရှင်းမှုပြုလုပ်ခြင်းနှင့် သွားတိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

အချုပ်အားဖြင့် ခံတွင်းကျန်းမာရေးအတွက် ဆောင်သင့်၊ ရှောင်သင့်သော အစာအာဟာရများကို ရွေးချယ်စားသုံးခြင်းဖြင့် သွားနှင့်ခံတွင်းတို့၏ ကောင်းမွန်ခြင်းကို ထောက်ပံ့ခိုင်ခံ့စေလျက် ထိုမှတစ်ဆက်တည်း ကိုယ်ခန္ဓာကျန်းမာရေးကိုပါ တည်တံ့မြဲမြံရှင်သန်စေနိုင်ပေရာ မြတ်စွာဘုရားသခင်၏ **“အာဟာရပစ္စယော”** ဟူသော ပဋ္ဌာန်းတရားတော်နှင့်အညီ အာဟာရပစ္စည်း၏ အထောက်အပံ့ဖြင့် စိတ်လက်ချမ်းသာစွာ အသက်ရှည်ရာ ရှည်ကြောင်း၊ ကောင်းမှုပြုရာ ပြုကြောင်းတို့ကို ဆောက်တည်ပွားများနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ခံတွင်းကျန်းမာရေး ကောင်းမွန်စေရန် ဗီတာမင်–ဘီ အုပ်စုဝင် အာဟာရဓာတ်များ ပါဝင်သော မောင်းထောင်းဆန်၊ လုံးတီးဆန်၊ ရေခန်းချက်ထားသော ထမင်း၊ ဂျုံ၊ ပြောင်း၊ ဖွဲနု၊ မြေပဲ၊ ပဲပုပ်၊ စားတော်ပဲ၊ ပဲအမျိုးမျိုး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ နို့နှင့် နို့ထွက်ပစ္စည်းများကိုလည်းကောင်း၊ သံဓာတ် ပါဝင်သော အမဲသား၊ အသည်း၊ ဥ၊ အစိမ်းရောင်ရှိသော ဟင်းသီး ဟင်းရွက်များနှင့် ပဲအမျိုးမျိုးတို့ကိုလည်းကောင်း ပြည့်ဝမျှတစွာ စားသုံးသင့်ပေသည်။

နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်ပြည်သူများ၏အားကို ရယူပြီး ကျေးရွာပြည်သူများ အသိပညာတိုးပွားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက် ကမ္ဘာတွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်

အားသုံးအား၏ အောင်မြင်မှုသာဓကယူ၍ အခြားအမျိုးသားရေးတာဝန်များ ပူးပေါင်းထမ်းဆောင်

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်၊အလှူရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ကျေးရွာပေါင်း ၂၅၈၉ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်ပြီးစီးမှု အထိမ်းအမှတ်နှင့် ကျေးရွာစာကြည့်တိုက်များအတွက် အခြေခံလိုအပ်နေသော ငွေကြေး၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားပြစက်များ၊ ရေဒီယိုများ၊ ပရိဘောဂပစ္စည်းများနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းသည့် အခမ်းအနားဖြစ်သည့်အတွက် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်ကြောင်း။

အလွန်အရေးကြီး

နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ နိုင်ငံတော်အတွင်း၌ရှိသည့် ကျေးလက်ပြည်သူများအပါအဝင် လူထုလူတန်းစားအားလုံးတို့အနေဖြင့် အသိပညာဗဟုသုတပြည့်ဝရန်၊ အတွေးအခေါ်မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ **ပြည်သူများ အတွေးအခေါ်မှန်ကန်ရန်နှင့် အသိပညာ ဗဟုသုတရရှိစေရန်တို့အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။**

ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ထားသည့်အတွက် လူကြီး၊ လူငယ်မရွေး အလွယ်တကူ စာပေများ ဖတ်ရှုလေ့လာနိုင်ကြောင်း၊ စာဖတ်ခြင်းသည် အသိပညာ ဗဟုသုတတိုးပွားခြင်း၊ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းတို့ အပြင် အချိန်ကိုလည်း အကျိုးရှိစွာ အသုံးချတတ်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ဒေသနှင့် နိုင်ငံတော်ကိုအကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းနိုင်သည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း။

အထိရောက်ဆုံးဌာန

စာကြည့်တိုက်များသည် စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိုမှီးထားသော နေရာဌာန တစ်ခုဖြစ်သည့်အတွက် ပညာဘဏ်တိုက်-စာကြည့်တိုက်ဟု ခေါ်ဆိုနိုင်ကြောင်း၊ ထို့အပြင် စာအုပ်နှင့် ပြည်သူလူထု ဆက်သွယ်ပေါင်းကူးသော ဌာန၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ နိုင်ငံတော်၏ ဦးနှောက်ဟူ၍လည်း အမျိုးမျိုးခေါ်ဆိုနိုင်ကြောင်းနှင့် အသိပညာဖြန့်ဖြူးရေးတွင် အထိရောက်ဆုံး ဌာနတစ်ခုဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာပေ၏ ကျေးဇူးတရားများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အားသုံးအား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြည်နယ်လုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီးဖြစ်သည့်အတွက် တိုင်းမှူးနှင့်တကွ တာဝန်ရှိသူများ အားလုံးအားကျေးဇူးတင်ပါကြောင်း၊ အလားတူ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ယနေ့လှူဒါန်းသော ငွေကြေး၊ ပစ္စည်းနှင့် စာအုပ် စာစောင်များအတွက်လည်း တိုင်းမှူးနှင့်တကွ စေတနာရှင်၊ အလှူရှင်များအား အထူးကျေးဇူးတင်ပါကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာ၊ နည်းပညာအရာတွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ခြင်းမရှိပါက မိမိတို့ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားစေရေးအတွက် ယခုကဲ့သို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားလာသည်နှင့် အမျှ ၎င်းတို့၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်က စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၁၉၄၉ ရွာအနက် ယနေ့အထိ ကျေးရွာပေါင်း ၅၃၅၅၄ ရွာ တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ သို့ပါ၍ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီးပြီဟု ဆိုနိုင်ကြောင်း၊ **မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံး နိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အားသုံးအားကိုရယူဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ၎င်းအားသုံးအားမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်ပြည်သူများတို့၏ အားပင်ဖြစ်ကြောင်း၊ ယင်းအားသုံးအားဖြင့်ဆောင်ရွက်ပါက ယခုစာကြည့်တိုက်များ ဖွင့်လှစ်သည့်ကိစ္စတွင်သာမက အရေးကြီးသည့် အခြားအမျိုးသားရေးကိစ္စများကိုပင် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ ဤအောင်မြင်မှုကို သာဓကယူပြီး အရေးကြီးသည့် အခြား အမျိုးသားရေးတာဝန်များကိုလည်း ဤအားသုံးအားဖြင့်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်** တိုက်တွန်းပါကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံလုံးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်သော်လည်း လုပ်ငန်းပြီးဆုံးပြီဟုမဆိုနိုင်ပါကြောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လက်ခံစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လက်ခံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

စာကြည့် တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်အောင် ဆက်လက် ဆောင်ရွက်ကြရဦးမည် ဖြစ်ကြောင်း၊ သို့ပါ၍ စာကြည့်တိုက်များ ရေရှည် တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ၎င်းလုပ်ငန်းစဉ်ငါးရပ်မှာ ကျေးရွာပြည်သူများ စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ လစဉ်တိုးပွားနေအောင် ကျေးရွာအလိုက် စာအုပ်ငှားစနစ်ချမှတ်လျက်လည်းကောင်း၊ စေတနာရှင်များထံမှ အလှူငွေ ရှာဖွေ၍လည်းကောင်း၊ ရန်ပုံငွေထူထောင်ဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးပါက ဆက်လက်ထူထောင်ရေး၊ စာကြည့်တိုက် ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက်ထူထောင်ရေး၊ စာကြည့်တိုက်မှူးကောင်းများ ရှိလာ၊ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ပင် ဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်ပါ လုပ်ငန်းစဉ်ငါးရပ်ကို ဆောင်ရွက်ရာတွင်လည်း အားလေးအားဖြင့် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အဆိုပါ အားလေးအားမှာ ဒေသအာဏာပိုင်များ၏ အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အား၊ ကျေးရွာအလိုက် ဖွဲ့စည်းထားသော စာကြည့်တိုက် ကော်မတီ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ၏ အားများပင် ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက ငွေ ပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ တိုင်းရင်းသားခေါင်းဆောင်ဦးမထုနော်က အလှူငွေကျပ်ခြောက်သိန်း၊ တိုင်းရင်းသားခေါင်းဆောင်ဦးလွယ်မောင်းက ငွေကျပ်သုံးသိန်း၊ စေတနာရှင်၊ အလှူရှင် ၁၃ဦးတို့က ငွေကျပ်၁၂သိန်း၊ AAA ကုမ္ပဏီမှ ဦးစောနိုင်က ငွေကျပ်၁၀ သိန်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီမှ ဦးသန်းဝင်းက ငွေကျပ်ငါးသိန်း၊ ငွေရည်ပုလဲကုမ္ပဏီမှ ဦးသိန်းမြင့်က ငွေကျပ်ငါးသိန်း၊ စိန်ဝတ်မှုံကုမ္ပဏီမှ ဦးမောင်မြင့်က ငွေကျပ် ငါးသိန်း၊ ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံမှ ဦးမောင်ဝင်းမိသားစုက ငွေကျပ်ငါးသိန်း၊ ရွှေတော်ဝင်ကုမ္ပဏီမှ ဦးစိုင်းအောင်က ငွေကျပ်ငါးသိန်း၊ နမ့်ပေါင်ကျေးရွာမှ ဦးစိုင်းကြူက ငွေကျပ်ငါးသိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က လက်ခံ၍ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ပြည်ထောင်စုလမ်းမပေါ်ရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၃၅ တိုက်တို့အတွက် နေ့စဉ်ထုတ်သတင်းစာ တစ်စောင်စီ၊ တစ်နှစ်စာ ဖြန့်ဝေနိုင်ရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ငွေကျပ် ၂၅ သိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ စာအုပ်များ၊ အလှူရှင်များကိုယ်စား ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းက ၂၁ လက်မရောင်စုံရုပ်မြင်သံကြားပြစက် ၁၀ လုံး၊ ရှမ်းရိုးမအေးချမ်းရေးကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမွန်းက ၂၁ လက်မရောင်စုံရုပ်မြင်သံကြားပြစက် ၁၀ လုံး၊ လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက ၁၄ လက်မရောင်စုံရုပ်မြင်သံကြားပြစက် ငါးလုံး၊ လားရှိုးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးစိုင်းခွန်ဆေက ၁၄လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် ငါးလုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုလွှာများကိုပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

ထို့နောက် လားရှိုးမြို့လမ်းအထူး(၁)က ၁၄ လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိသားစုက ၁၄ လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ လားရှိုးမြို့ရှိ ပို့/ဆက်/ကညန၊ ကပရ၊ မီးရထားဌာနများက စုပေါင်းလှူဒါန်းသော ၁၄ လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ လားရှိုးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက ရေဒီယို ၂၅ လုံး၊ လားရှိုးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ရေဒီယို ၂၅ လုံး၊ ပြည်တွင်းအခွန်ဦးစီးဌာန(လားရှိုး)က ရေဒီယို ခုနစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(လားရှိုး)က ရေဒီယို ငါးလုံးနှင့် အလှူငွေကျပ် ၅၀၀၀၀၊ ပြည်နယ်ပညာရေးဌာနက ရေဒီယို ငါးလုံး၊ ပြည်နယ်တရားသူကြီးက အလှူရှင်များကိုယ်စား ရေဒီယို၃၄ လုံး၊ အကောက်ခွန်၊ စသုံးလုံး၊ အိမ်တွင်းမှုကျောင်း၊ ရဲသတင်းတပ်ဖွဲ့၊ သမဝါယမဦးစီးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် စက်မှုကြီးကြပ်ရေး အဖွဲ့တို့က စုပေါင်းလှူဒါန်းသော စာအုပ်စာစောင် ၁၀၇၅အုပ်နှင့်လားရှိုးမြို့မှ ဦးမြင့်ခိုင်မိသားစုက အလှူငွေ ကျပ် ၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် စေတနာရှင်၊ အလှူရှင်များ၊ ဧည့်သည်များက မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြည်နယ်လုံးကျွတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြခန်းကိုလှည့်လည်ကြည့်ရှုကြသည်။

လှူဒါန်းခဲ့

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်လုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားတွင် အလှူရှင်ဌာနအသီးသီးနှင့် လူပုဂ္ဂိုလ်စုစုပေါင်း၇၀တို့က ငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေသား ၆၁သိန်းကျော်နှင့် ငွေကျပ် ၂၈၇သိန်းကျော်တန်ဖိုးရှိ စာအုပ်ပေါင်း ၄၂၀၈၃အုပ်၊ ငွေကျပ် ၅၄သိန်းတန်ဖိုးရှိသော ရောင်စုံရုပ်မြင်သံကြားပြစက် ၃၃လုံးနှင့် ရေဒီယို ၁၀၁ လုံးတို့ကို လှူဒါန်းခဲ့ကြရာ လှူဒါန်းမှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၄၁၈သိန်းကျော် ဖြစ်သည်။ ၎င်းအလှူငွေပစ္စည်းနှင့် စာအုပ် စာစောင်များကို ကော်မတီဖြင့် ထိန်းသိမ်းပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးပေါက်တူးအားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် မြနန္ဒာလမ်း အမှတ် အာရ် ၅၂-၅၅ နေ ဇနီး ဒေါ်ကျင်အေးနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ခြောက်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အာဆီယံဖူဆယ် ဘောလုံးပြိုင်ပွဲ မြန်မာအသင်း အကြိုဗိုလ်လုပွဲသို့တက်ရောက်

ရန်ကုန် မေ ၃

၂၀၀၆ ခုနှစ် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Indoor Stadium Huamark၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၏ (က)အုပ်စုမှ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းနှင့် ဘရူနိုင်းလက်ရွေးစင်ဖူဆယ်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းက ခြေစွမ်းပြပြီး ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မေ ၄ ရက် ညနေပိုင်းတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းနှင့် လက်ရှိချန်ပီယံ အိမ်ရှင် ထိုင်းလက်ရွေးစင်ဖူဆယ်ဘောလုံးအသင်းတို့ အုပ်စုနောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တွင် ဆောက်လုပ်လျက်ရှိသော ကမ္မဋ္ဌာန်းကျောင်းအတွက် မိခင်ကြီး ဒေါ်အေးတင်အား ရည်စူး၍ အမှတ် ၄ အေးရိပ်မွန် ၁ လမ်း (၁၃)ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါ်သန်းမြင့်မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့ထံ ပေးအပ်စဉ်။ (က-ပ)

ပိဋကတ်မြန်မာပြန် တရားတော်များသင်တန်း

ရန်ကုန် မေ ၃

မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို ဗုဒ္ဓဘာသာဝင်များ နားလည်သဘောပေါက်၍ လိုက်နာကျင့်ကြံနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပဌမအကြိမ် ပိဋကတ်မြန်မာပြန်တရားတော်များ သင်တန်းကို မေ ၆ ရက် (စနေနေ့)မှ အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့)အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှစ၍ ပိဋကတ်ပညာရှင်ဆရာကြီးများက ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး ရှင်သာမဏေဓမ္မဗိမာန်၌ သင်ကြားပို့ချမည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်တောရယ်

သာစေဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

အကျဉ်းသား ဦးမြင့်သန်း(ခ)အယ်ဖြူ သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းတက်ရောဂါဖြင့် ကွယ်လွန်

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် သံတွဲမြို့ အကျဉ်းထောင်၌ ထောင်ဒဏ်ကျခံနေသော ဦးမြင့်သန်း (ခ) အယ်ဖြူ (၅၅)နှစ် (အဖ) ဦးမောင်ကိုသည် မေ ၂ရက် ည ၈နာရီ ၂၅မိနစ်တွင် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းတက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ကြပ်မတ်ကုသ

ဦးမြင့်သန်း (ခ) အယ်ဖြူသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေရန်နှင့် ပြည်ထောင်စုပြိုကွဲစေရန် ဦးတည်လုပ်ဆောင်ခဲ့သည့် (SNLD) ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းပြည်နယ် ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းရာ၌ ပါဝင်ခဲ့မှုကြောင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ပြစ်ဒဏ်ကျခံခဲ့ရခြင်း ဖြစ်သည်။ ထိုသို့ ပြစ်ဒဏ်ကျခံနေရစဉ်အတွင်း မတ် ၂၃ရက်တွင် ကျန်းမာရေးရတ်တရက် ဖောက်ပြန်လာပြီး အတွင်းတက်ရောဂါ စတင်ခံစားနေရသဖြင့် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများဖြင့် ကြပ်မတ်ကုသပေးခဲ့သည်။

ရောဂါ အခြေအနေအရ မတ် ၂၆ရက်တွင် ဆရာဝန်ကြီးများဖြင့် ထပ်မံ ကုသပေးခဲ့သော်လည်း သက်သာမှုမရှိသည့်အပြင် မတ်၂၈ရက်တွင် ခန္ဓာကိုယ် ယာဘက်တစ်ခြမ်း လေဖြတ်သွားပြီး လှုပ်ရှားနိုင်ခြင်း မရှိသဖြင့် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့သည်။

ရောဂါပြင်းထန်

ဆေးရုံတက်ရောက် ကုသနေစဉ်အတွင်း ဦးမြင့်သန်း၏ ယာဘက်နို့အုံနေရာတွင် ကွမ်းသီးလုံးခန့်ရှိ ပြည်တည်နာအကျိတ် ဖြစ်ပေါ်လာသဖြင့် ဧပြီ ၃ရက်နှင့် ၇ ရက်တို့တွင် ခွဲစိတ်ကုသပေးခဲ့ပြီး သွေးလေးပုလင်းနှင့် လိုအပ်သောဆေးဝါးများဖြင့် ကြပ်မတ်ကုသပေးခဲ့သည်။ ယင်းပြည်တည်နာ အကျိတ် ပျောက်ကင်းသွားသော်လည်း မေ ၁ရက်တွင် အတွင်းတက်ရောဂါကြောင့် သတိရတစ်ချက် မရတစ်ချက်ဖြစ်၍ အောက်ဆီဂျင်ပေးထားပြီး လိုအပ်သောဆေးဝါးများဖြင့် ကုသပေးခဲ့သည်။ သို့ရာတွင် ၎င်း၏ ရောဂါပြင်းထန်မှုကြောင့် သေဆုံးသွားရခြင်းဖြစ်ကြောင်းသိရှိရသည်။

လူနာအားခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသပေးနေစဉ်ကာလအတွင်း တာဝန်ရှိသူများက ဖိဖိစီးစီး ဂရုစိုက်ကြပ်မတ်ကုသပေးခဲ့သည့်အပြင် ၎င်း၏ညီဖြစ်သူ ဦးညီညီလွင်နှင့် သားဖြစ်သူ နောင်နောင်သူရိန်တို့ကလည်း အနီးကပ်စောင့်ရှောက်မှုများပေးခဲ့ကြသည်။ ယင်းသို့ဂရုစိုက်ကြပ်မတ်ကုသပေးနေသည့်ကြားမှ မေ ၂ ရက် ည ၈ နာရီ ၂၅ မိနစ်တွင် ၎င်း၏ ညီဖြစ်သူအနီး၌ရှိနေစဉ်၌ပင် လူနာမှာ ရောဂါပြင်းထန်မှုကြောင့် ရုတ်တရက် အမောဖောက်လာပြီး အတွင်းတက်ရောဂါဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကွယ်လွန်သူအား တာဝန်ရှိသူများက ထုံးတမ်းစဉ်လာနှင့်အညီ သံတွဲမြို့၌ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ပြီးဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းက တနင်္သာရီတိုင်းကို ဂိုးပြတ်နိုင်

ရန်ကုန် မေ ၃

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၁)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်းအမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုအမှတ်ပေးပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းတို့၌ ဆက်လက်ကျင်းပသည်။

ညနေ ၄ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်တိုင်းအသင်းအတွက်အနိုင်ဂိုးများကို နီလာမြင့်ကလေးဂိုး၊ မိုးသီတာနှင့် သီတာကြည်တို့က တစ်ဂိုးစီနှင့် တနင်္သာရီတိုင်းအသင်းမှ ဝင်းဝင်းသိန်းက ကိုယ့်ဂိုးကိုယ်တစ်ဂိုးသွင်းမိ၍ ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်အလိုက်အကောင်းဆုံးအားကစားသမားဆုကို ရန်ကုန်တိုင်းအသင်းမှ ကျောနံပါတ်-၈ နီလာမြင့်က ရရှိသည်။

အုပ်စုပထမ

ရန်ကုန်တိုင်းအသင်းသည် ယနေ့ပွဲအနိုင်ရရှိသဖြင့် ကွာတားဖိုင်နယ်တက်ရန် သေချာသလောက် ရှိသွားပြီဖြစ်သည်။ လက်ရှိချန်ပီယံရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းသည် မေ ၇ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ သရေကျရုံနှင့် အုပ်စုပထမရရှိမည်ဖြစ်သည်။

မေ၄ရက်**(ယနေ့)**တွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ နံနက်၇နာရီခွဲတွင် မကွေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်း၊ ညနေ ၄နာရီတွင် ဧရာဝတီတိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ နံနက် ၇နာရီခွဲတွင် ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

4-5 (12).p65 1 1/3/32, 12:44 AM

ကမ္ဘာတစ်လွှား အားကစား

မျှော်လင့်စောင့်စား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဆားဘီးယားနှင့်မွန်တီနီဂရိုအသင်း၏ ပြင်ဆင်ထားမှုများ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဘဲလ်ဂရိတ် မေ ၃

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၉ ရက်မှစ၍ ဂျာမနီနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်ရာ ခြေစစ်ပွဲအောင်ပြီး ကမ္ဘာ့ဖလား ပါဝင်ယှဉ်ပြိုင်ခွင့်ရသော ဘောလုံးအသင်းတစ်သင်းစီ၏ ရပ်တည်မှုအခြေအနေများကို မြန်မာ့အလင်း ဘောလုံးပရိသတ်များအတွက် ဖော်ပြပေးလျက်ရှိသည်။

ယနေ့တွင် ဆားဘီးယားနှင့်မွန်တီနီဂရိုအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဝင်ခွင့်ရရှိရန် ကြိုးပမ်းခဲ့ရပုံများကို Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကား၍ ရေးသားဖော်ပြလိုက်ပါသည်။

အလေးထား

ယခင် ယူဂိုဆလားဗီးယားမှ ဆားဘီးယားနှင့် မွန်တီနီဂရိုသို့ အမည်ပြောင်းလိုက်သော အဆိုပါအသင်းသည် ခြေစစ်ပွဲများကို သေချာအလေးထားကစားခဲ့သော အသင်းဖြစ်သည်။

ပြိုင်ရန်အသင့်

ယခုဆိုလျှင် ဆားဘီးယားနှင့်မွန်တီနီဂရိုအသင်း နာမည်အသစ်နှင့် ဂျာမနီကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ရန်အသင့်ရှိနေပေသည်။

ဆားဘီးယားအသင်းမှ တိုက်စစ်မှူး ကက်ဇ်မန်း။
(ဓာတ်ပုံ-အင်တာနက်)

မှတ်တမ်းအရ

ယင်းတို့သည် ကမ္ဘာ့ဖလားနှင့် စိမ်းနေသောအသင်းတစ်သင်းတော့ မဟုတ်ချေ။ အရင်က ယူဂိုဆလားဗီးယားအမည်နှင့် ၁၉၃၀ပြည့်နှစ်က ကမ္ဘာ့ဖလားကို ဝင်ပြိုင်ခဲ့ပြီး ရှစ်ကြိမ်တိတိ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကစားခဲ့ပြီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ရပ်တည်

ယခု ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းအနေဖြင့် အောင်မြင်မှုရလာသည့်အထဲတွင် ယင်းတို့၏ခံစစ်တောင့်တင်းမှုမှာ အဓိကကျနေသည်။ ခြေစစ်ပွဲတစ်လျှောက် တစ်ဂိုးသာပေးခဲ့ရပြီး ဥရောပ၏ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ယင်းကဲ့သို့ ခံစစ်တောင့်တင်းမှုကြောင့် တိုက်စစ်ကဂိုးသွင်းနိုင်သည်နှင့် ဆားဘီးယားအသင်းသည် နိုင်ပွဲရရှိရန် သေချာသလောက် အနေအထားရှိသည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းသည် နာမည်ကြီးစပိန်အသင်းကို ကျော်ဖြတ်ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်ခဲ့သည့် အသင်းလည်းဖြစ်သည်။

ရှုံးပွဲမရှိ

နည်းပြ အီဗီယာပက်ကိုဗစ်၏ ဦးဆောင်ညွှန်ပြမှုများကြောင့် ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းသည် ၂၀၀၄ ခုနှစ်တွင် ဥရောပပြိုင်ပွဲဝင်ခွင့် ဆုံးရှုံးခဲ့ပြီးနောက် ရှုံးပွဲတစ်ပွဲမျှ မရှိသေးသည့်အသင်းဖြစ်သည်။

စွမ်းဆောင်ပေး

နည်းပြ ပက်ကိုဗစ်သည် အသင်းကို အရည်အသွေးထက်မြက်သော လူငယ်ကစားသမားများနှင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းကို ယခုကဲ့သို့ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဝင်ခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သူလည်းဖြစ်သည်။

ပထမဆုံးအကြိမ်

ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းသည် ဥရောပဇုန်အုပ်စု(၇)တွင် အုပ်စုပထမရပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်လာသော အသင်းဖြစ်သည်။ ၎င်းအသင်းသည် ၁၉၃၀ ပြည့်နှစ်က ယူဂိုဆလားဗီးယားနိုင်ငံ အမည်ဖြင့် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အသင်းဖြစ်သည်။

ဆားဘီးယားနှင့်မွန်တီနီဂရို လက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ-အင်တာနက်)

အကြိုဗိုလ်လုပွဲတက်နိုင်

အဆိုပါ စတင် ယှဉ်ပြိုင်သည့်နှစ်တွင် ယူဂိုဆလားဗီးယားအသင်းသည် ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။



မန်ယူရောက် ဆားဘီးယား နောက်တန်းလူ ဗီဒစ်။
(ဓာတ်ပုံ-အင်တာနက်)

မပါဝင်

ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းနည်းပြ ပက်ကိုဗစ်က ပြောကြားရာတွင်"လူအများက ယခုပွဲတွင် ခက်ခဲစွာကစားရလိမ့်မည်ဟု ပြောဆိုထားကြကြောင်း၊ သို့ရာတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ လွယ်လွယ်ဖြင့် အုပ်စုမှ ထွက်လိမ့်မည် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရလဒ်ကောင်းများ ရရှိရန် အပြင်းအထန် ကြိုးစားသွားမည်ဖြစ်ကြောင်း အာဂျင်တီးနားအသင်းတွင် ဆိုးဆိုးရွားရွား ကစားသမားများ မပါဝင်ကြောင်း"ပြောကြားထားသည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်း ယခုကဲ့သို့ဂျာမနီကမ္ဘာ့ဖလားကို တက်လှမ်းနိုင်ခဲ့ရာတွင် ကက်ဇ်မန်းသည် အဓိက ဦးဆောင်ကစားခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလားဝင်ခွင့်

ဆားဘီးယားအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် အဆုံးအဖြတ်ဖြစ်သော ဘော့စနီးယားနှင့်ပွဲ နောက်ဆုံးခြေစစ်ပွဲတွင် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့ပြီး ကမ္ဘာ့ဖလားဝင်ခွင့် ရရှိစေခဲ့သူဖြစ်သည်။

ထိန်းရခက်

၎င်းအနေဖြင့် အသင်းအတွက် ခြေစစ်ပွဲတစ်လျှောက် ငါးဂိုးသွင်းပေးခဲ့သော်လည်း တစ်ဖက်အသင်းဂိုးဧရိယာအတွင်း၌ အန္တရာယ် အပေးနိုင်ဆုံးကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်အဝရှိသူဖြစ်ပြီး အချိန်တိုင်း တစ်ဖက်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်သလို ၎င်း၏နေရာစုံရွေ့လျားကစားမှုကြောင့် ပြိုင်ဘက် နောက်ခံလူများအတွက် ထိန်းရခက်သည့် တိုက်စစ်မှူးဖြစ်သည်။

ပါးနပ်ထက်မြက်

ကက်ဇ်မန်းသည် လျင်မြန်ပြီး ကြောက်စရာကောင်းသော အဆုံးသတ်ဂိုးသွင်းမှုများကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။၎င်းသည်ကမ္ဘာ့အကောင်းဆုံးကလပ်များတွင် ကစားခဲ့ဖူး၍ အတွေ့အကြုံရင့်ကျက်သော ကစားသမားဖြစ်သည်။ ယင်းအတွေ့အကြုံများကြောင့် ယခုဆိုလျှင် ကက်ဇ်မန်းသည် အခွင့်အရေးများကို ပါးနပ်ထက်မြက်စွာ အသုံးချနိုင်သူ ဖြစ်လာသည်။

အရည်အသွေး

အဆိုပါ ကစားသမားသည် ချယ်လ်ဆီးအသင်းနှင့် အဆင်မပြေခဲ့သော်လည်း စပိန် အက်သလက်တီကို အသင်း၌ ခြေစွမ်းပြကစားရင်း တိုက်စစ်မှူးကောင်းတစ်ဦး၏ အရည်အသွေးကို ပြသလျက်ရှိသည်။

ဂိုးသွင်းစွမ်းရည်

ပီအက်စ်ဗွီအိုင်ဟိုဗင် အသင်းမှာကဲ့သို့ ဂိုးသွင်းစွမ်းရည်မျိုး ၂၀၀၆ကမ္ဘာ့ဖလားတွင် ပြန်ရခဲ့လျှင် မာတီဂျာကက်ဇ်မန်း၏ ဂိုးများကို မည်သူမျှ ရပ်တန့်ပစ်ရန် မလွယ်ပါချေ။

ယှဉ်ပြိုင်

ဆားဘီးယားနှင့် မွန်တီနီဂရိုအသင်းသည် အုပ်စု(ဂ)တွင်ပါဝင်ပြီး ဇွန် ၁၁ရက်တွင် နယ်သာလန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၁၆ရက်တွင် အာဂျင်တီးနားအသင်းနှင့် လည်းကောင်း၊ ဇွန် ၂၁ရက်တွင် အိုင်ဗရီကို့စ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း မြန်မာ့အလင်းဘောလုံးပရိသတ်အား ကမ္ဘာ့ဖလားအကြို မိတ်ဆက်အဖြစ်ဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ဘလက်ဘန်းက ချယ်လ်ဆီးကိုနိုင် ယူအီးအက်ဖ်အေနေရာအတွက် သေချာ

ဘလက်ဘန်းမှ ရော်ဘီ(ဝဲ)နှင့် ချယ်လ်ဆီးမှ နူနိုမာနီချီတို့ ဤသို့ ဘောလုံးကို အကြိတ်အနယ်လုခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန် မေ ၃

ပရီမီယာရှစ် ပွဲစဉ်(၃၆)လက်ကျန်ပွဲအဖြစ် ဘလက်ဘန်းအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ မေ ၂ ရက်က ကစားခဲ့ကြရာ ဘလက်ဘန်းအသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘလက်ဘန်းအသင်း ယင်းပွဲအနိုင်ရခဲ့သဖြင့် လာမည့်နှစ် ယူအီးအက်ဖ်အေဖလား နေရာအတွက် ယှဉ်ပြိုင်ခွင့်နေရာ ရရှိသွားခဲ့သည်။ ဘလက်ဘန်းအသင်းသည် နံပါတ် ၆ နေရာသို့ ရောက်ရှိလာသည်။

ခေါင်းတိုက်သွင်းယူ

ပွဲချိန် ၄၃ မိနစ်တွင် ဘလက်ဘန်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို စတီဗင်ရိဒ်က အလွတ်တည်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက် သွင်းယူလိုက်ခြင်းဖြစ်သည်။

ယင်းနောက် ဘလက်ဘန်းမှ ဘယ်လာမီနှင့် ချယ်လ်ဆီးမှ ဂတ်ဂျိုဆင်တို့၏ သွင်းဂိုးများမှာ တိုင်ထိထွက်ခဲ့သဖြင့် ဂိုးနစ်နာခဲ့ရသည်။

ဂိုးမဝင်

ဒုတိယပိုင်းတွင် ချန်ပီယံ ချယ်လ်ဆီးအသင်းက ပိုမို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ဂတ်ဂျိုဆင်နှင့် ကာဗယ်ဟိုတို့ အနီးကပ်ဂိုးကန်သွင်းခွင့်များ ကြုံသော်လည်း ဂိုးမဝင်ဘဲ လွဲချော်ခဲ့ရသည်။

ကာကွယ်နိုင်

လူစားဝင်လာသူ ဂျိုးကိုးလ်သွင်းယူသော ဂိုးမှာလည်း ဘလက်ဘန်းဂိုးသမား ဖရက်ဒယ် ကာကွယ်နိုင်ခဲ့သည်။

ဖရန့်လမ်းပတ် ပါဝင်သော ချယ်လ်ဆီးအသင်းသည် ကမ္ဘာ့ဖလားမတိုင်မီ တစ်ပွဲတစ်လမ်း ကစားရလိမ့်ဦးမည်ဖြစ်သည်။ နည်းပြမော်ရင်ဟိုက လမ်းပတ်အား အနားပေးချင်သော်လည်းတစ်ပွဲကစားရလိမ့်မည်ဖြစ်သည်။

အစားထိုး

အင်္ဂလန်ကစားသမား ကိုးလ်အား ချယ်လ်ဆီး၏ နောက်ဆုံးဗိုလ်လုပွဲ အရေးကြီးနှစ်ပွဲတွင် ထည့်ကစားခဲ့ခြင်း မရှိပေ။ သို့ရာတွင် ၎င်းအား ဒုတိယပိုင်းတွင် ရိုက်စ်ဖီးလစ်နေရာတွင်အစားထိုးကစားခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၆ခုနှစ်၊ မေလ(၈)ရက်

World Red Cross Day

8th May, 2006

"Universal assistance through Volunteering"

"ကမ္ဘာ့အနှံ့ကူညီရေး၊ ကြက်ခြေနီက ဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြော ဖြစ်ပေါ်လာပုံနှင့်ရောဂါလက္ခဏာများအခြေအနေ ရှင်းလင်း

မန္တလေး ဧပြီ ၁၀

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက ကမ်းနားလမ်း အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး**(ယာပုံ)** မန္တလေးတိုင်းတီဘီရောဂါဆရာဝန်ကြီး ဒေါက်တာဘိုမြင့်က တီဘီရောဂါ ဖြစ်ပေါ်လာပုံ၊ ရောဂါလက္ခဏာများနှင့် ဆေးဝါးကုသရေးအခြေအနေများကို ရှင်းလင်းဟောပြောသည်။

ပညာပေးဟောပြော

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဒေါ်ခင်မာဆောင်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောသည်။

တက်ရောက်

ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

(၁၆၂)

ပေးအပ်လှူဒါန်း

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရေးအတွက် ဧပြီ ၄ ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် (၁) ဝင်ဆာလမ်းနေ ဦးဗျန်စိန်အားရည်စူး၍ ဒေါ်ရှုကြည်မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုင်းတုံမြို့၌ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်း

ကျိုင်းတုံ မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျိုင်းတုံမြို့အကျဉ်းဦးစီးဌာန စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့အကျဉ်းဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးကျန်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးက စာအုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက်စာအုပ်စာစောင်များကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ယာပုံ)(ပြည်နယ် ပြန်/ဆက်)



ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကလောမြို့ အမိုက်ကျင်းသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (နယ်စပ် စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

စစ်တွေ ဧပြီ ၅

အကျဉ်းဦးစီးဌာန စစ်တွေအကျဉ်းထောင်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဦးဆောင်ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို မတ် ၂၆ ရက်က အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အကျဉ်းထောင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)**၊ သမားတော် ဒေါက်တာဉာဏ်ဝင်းကျော်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာ မို့မို့စိမ်းနှင့် အကျဉ်းထောင်ဆရာဝန် ဒေါက်တာ ဦးသန်းမောင်တို့က ဝန်ထမ်းနှင့်မိသားစုများအား ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၅-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်-၂ ၏ အဆင့်မြင့် ရေပန့်ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ချစ်ပါနော်မောင့်ကို)

ညနေပိုင်း

၁၆း၃၀ ဆွေးနွေးခန်း (အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းအကြောင်း)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ကျန်းမာသန့်ရှင်းရောဂါကင်း (ခေါင်းကြီး)
(၂) ဖူးပွင့်လာမည့် ပန်းကလေးများ (ဆောင်းပါး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဓာတ်လမ်း (အသုံးဝင်တဲ့ ထန်းတစ်ပင်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဇီဝဗေဒပညာတွင် မျိုးရိုးဗီဇလေ့လာမှု-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးပွင့်ကြယ်စင်ကာလပေါ်အဖွဲ့)

စစ်ကိုင်းတိုင်း ကလေးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး နည်းလမ်းများဆွေးနွေး

ကလေး ဧပြီ ၂၅

ကလေးခရိုင်နှင့် မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ကြီးကြပ်မှုအဖွဲ့သည် ခရိုင်နှင့်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ စုပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးပညာပေးဆွေးနွေးပွဲကို ဧပြီ ၈ရက် နံနက်၉နာရီက နေရဋ္ဌရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒေါက်တာမိုန်းထန်ဇီးက ကြက်ငှက်တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်တားဆီးရေး နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ တင်မောင်အေးက လူတွင် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် တားဆီးကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူသူများ၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်နေသူများ၊ စိတ်ဝင်စားသူများ စုစုပေါင်း ၃၅၀ကျော် တက်ရောက်ကြသည်။ **(၄၁၇)**

ကော့သောင်းမြို့၌ သစ်တောတည်ထောင်ခွင့်ပြုပွဲ အခမ်းအနားကျင်းပ

ကော့သောင်း ဧပြီ ၁၀

ကော့သောင်းမြို့နယ် စူငယ်တလိုင်းအုပ်စု အောင်ဘာကျေးရွာရှိ ပြည်သူများ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ပြုပွဲ အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပရာ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးတက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်း သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးကိုယ်စား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးမြင့်စိန်က သစ်တောပြုစုထိန်းသိမ်းမည့် ဒေသခံပြည်သူ ၁၀ ဦးအား သစ်တောတည်ထောင်ခွင့်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

ဟိုပင်မြို့၌ ထေရာသနကျောင်း ရေစက်ချလှူဒါန်း

ဟိုပင် ဧပြီ ၂၆

ကချင်ပြည်နယ် ဟိုပင်မြို့ မြဲဇေယျာ ပရိယတ္တိစာသင်တိုက်တွင် အလှူရှင် ဦးဝင်းမြင့်ဌေး-ဒေါ်ခင်မမ မိသားစုတို့က ဆောက်လုပ်လှူဒါန်းသည့် ထေရာသနကျောင်းတော် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားသို့ ပင့်သံဃာတော်များ၊ အလှူရှင်မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ကျောင်းတော်မှာနှစ်ထပ်ဖြစ်ပြီး အလှူရှင်မိသားစုက ငွေကျပ်သိန်း ၃၀၀ ကျော်ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရိုးရာတိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆင့်ပွားသင်တန်းဖွင့်ပွဲ တာချီလိတ်၌ ကျင်းပ

တာချီလိတ် ဧပြီ ၁၈

တာချီလိတ်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူသူမင်းစံ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်နှင့် အမှုဆောင်များ၊ ခရိုင်ရဲတပ်ဖွဲ့ မိသားစုများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်သင်တန်းသူ စုစုပေါင်း ၄၀ တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူသူမင်းစံက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးမြနှင့် ပြည်နယ် တိုင်းရင်းဆေးသင်တန်းဆင်း ဆရာမနှစ်ဦးတို့က တိုင်းရင်းဆေးပညာများအကြောင်း ပို့ချကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက် ပြီးစီးသွားသော မုဒုံ-ကော့ပရံကျေးရွာ ကျေးလက်လမ်း အုတ်ခုံကွန်ကရစ်တံတားသစ် ဖွင့်ပွဲကို မတ် ၂၅ ရက်က အုတ်ခုံကွန်ကရစ်တံတားသစ် မုခ်ဦး၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ တံတားသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

မိခင်ကြီး ဒေါ်ကျင်ဟုန် (ရန်ကုန်) ဦးစိုးနိုင်-ဒေါ်မေရီ မိသားစု (နဝရတ်ရွှေဆိုင်) ကုန်စုံလမ်း ပုသိမ်မြို့ အမှတ်(၃)နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသပရိယတ္တိ စာသင်တိုက်ဝင်းရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၁၂၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးတင်အုံးနှင့် အသင်းနာယက ဦးစိုင်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသော အိမ်ခြေလေးဆယ်ကျေးရွာတွင် အိမ်ရှင် ဦးထွန်းကြွေ၏ ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ဧပြီ ၂၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိုးဝေ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) အသက် ၇၅နှစ်အထက် အဘိုးအဘွားများ သက်ကြီးပူဇော်

မြစ်ငယ် ဧပြီ ၂၀

အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ အထွေထွေ မန်နေဂျာ ဦးထွန်းဦး၏ စီမံဆောင်ရွက်မှုဖြင့် မြစ်ငယ်မြို့မ ရပ်ကွက်များအတွင်းရှိ အသက်(၇၅) နှစ်အထက် အဘိုးအဘွား ၁၄၅ ဦးတို့အား (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက မြစ်ငယ် ဇေတဝန်ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ပြီး ဖွင့်လှစ်သည်။ ဆက်လက်၍ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းကိုက သက်ကြီးပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများအား ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အဘိုး ၄၂ ဦးနှင့် အဘွား ၁၀၃ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀စီ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၂၀၉)**

အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်

အင်းတော် ဧပြီ ၂၅

အင်းတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အင်းတော်မြို့မကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတအမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ဧပြီ ၁၇ ရက်က အင်းတော်မြို့ပေါ်ရှိ ရပ်ကွက်များတွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။ **(၁၃၃)**

နမ့်ခမ်းမြို့ မိုခမ်းရပ်ကွက် မိုင်းပွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၇ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးတို့က ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ငှက်ဖျားရောဂါကာကွယ်ကုသရေး အသိပေးဆွေးနွေး

တမူး ဧပြီ ၁၂

အခြေခံကျန်းမာရေးဝန်ထမ်းများအား ငှက်ဖျားရောဂါကာကွယ်ကုသရေး သင်တန်းအသိပေးဆွေးနွေးပွဲကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက တမူးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးအောင်သူရ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူးနှင့် ခေတ္တမြို့နယ်ဆရာဝန် ဒေါက်တာသိန်းနိုင်မိုးတို့က အမှာစကားပြောကြားပြီး ကလေးမြို့ ငှက်ဖျားအဖွဲ့ခေါင်းဆောင် ဒေါက်တာမြတ်မင်းထွန်းက ငှက်ဖျားရောဂါအကြောင်း ဟောပြောဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦး ကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက် များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မိုးညှင်းခရိုင် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းနှင့်အသုံးဝင်ပုံရှင်းလင်း

မိုးညှင်း မေ ၁၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို မေ ၁၁ရက်က မိုးညှင်းမြို့နယ် ရွာသစ်ကုန်းတောကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းထွန်းက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးထွန်းရင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာနှင့် အသုံးဝင်ပုံများ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အေးမင်းသိန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းတို့က ခြံစည်းရိုး ကြက်ဆူပျိုးပင်များ ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ စိုက်ခင်းမြေ ငါးဧကတွင် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူ ၆၀၀၃ပင်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။ **(၁၅၂)**

ရန်ကုန်တိုင်း ရွှေပြည်သာ မြို့ မြဝတ်ရည် (၂) လမ်းနေ အဖဦးမြသီး-အမိ ဒေါ်မယ်စိန်၊ခင်ပွန်း ဦးလင်းကြည်၊ မြေး မောင်ဝင်းအောင် တို့အား ရည်စူး၍ ဒေါ်သန်းရွှေ (ရွှေပြည်သာ-ရန်ကုန်) သား၊ သမီး မမြင့်မြင့်ဝင်း၊ ကိုသိန်းလွင်၊ မကြည်ကြည်သန်း မိသားစု တို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီရံတစ်ဆူအတွက်အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ညောင်လေးပင်မြို့ ကမ္ဘဌာန်း ကျောင်းဓမ္မာရုံ၌ မေ ၁၁ ရက်က ကျင်းပသော မဟာ ဂန္ထဝါစက ပဏ္ဍိတဘာဒ္ဒန္တ ကုဏ္ဍလာဘိဝံသ (M.A) အား သိက္ခာထပ်နှင့် ရဟန်းခံ၊ စောင်းတန်းရေစက်ချ အလှူတော်မင်္ဂလာတွင် အလှူရှင် ဒေါ်သန်းသန်းရွှေ (ဆည်မြောင်းဦးစီးဌာန၊ ညောင်လေးပင်)၊ ဦးဝင်းမြင့်-ဒေါ်ခင်စိုးမူ (ပဲခူးမြို့)တို့က ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (က-ပ)

စစ်ကိုင်းမြို့ အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

စစ်ကိုင်း မေ ၂၀

စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက် အမှတ်(၁၃)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို မေ၁၇ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန့်ကျော်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းစိန်နှင့် ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်သိန်းထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးခင်မောင်ဆွေက မြို့နယ်ပညာရေးမှူး ဒေါ်နုနုရီထံသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ထုံးဘိုရပ်ကွက် စည်းရုံးရေးမှူး ဦးမြင့်ဆွေက ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းစိန်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့ထံ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံများပေးအပ်သည်။

အကုန်အကျခံ

အဆိုပါ ကျောင်းဆောင်သစ်ကို ငွေ၅၁၇၂၈၈ကျပ်ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းရေး စုပေါင်းဆောင်ရွက်

ကာမိုင်း မေ ၂၆

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ရက်က အဖွဲ့ရုံးရှေ့၌ စိုက်ပျိုးပြီးသည့် ပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် နုန်းမြေများ အစားထိုးလဲလှယ်ခြင်းနှင့် ပန်းအလှပင်မျိုးစုံ အသစ်ဖြည့်စွက် စိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဆန်းအောင်နှင့် ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြသည်။ **(၄၁၆)**

တီဘီရောဂါတိုက်ဖျက်ရေး ကော့သောင်း၌ အလှူငွေပေးအပ်

ကော့သောင်း မေ ၁၂

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ရက်နံနက် ၇နာရီက မဋ္ဌူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကြီးလှိုင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များက ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း နာယကထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ် ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကွင်းဆင်း စစ်ဆေး

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများနှင့် မြို့ရေပေးရေး လုပ်ငန်းများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)



အမြို့မြို့ အနယ်နယ် သတင်းများ

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုကို မေ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသိန်းထူး နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၂၄၀)



သက်ကြီးပူဇော်ပွဲ မြင်းမူမြို့၌ ကျင်းပ

မြင်းမူ မေ ၂၆

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပထမအကြိမ်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ၁၇ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမတွင် ကျင်းပသည်။

ဆောင်ရွက်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညို နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အဘိုးအဘွားများအား ကိုယ်လက်သန့်ရှင်းရေးဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက ပထမအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ သက်ကြီး ဘိုးဘွား ၁၃၀အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းကြသည်။ **(၁၆၇)**

4-5 (17).p65 1 1/3/32, 12:45 AM

THREE STAR

Air con, ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Door to Door ဆောင်ရွက်ပေးနေပါသည်။

ဖုန်း- ၇၀၅၇၈၄။



အမည်ပြောင်း

အဖ ဦးဝင်းအောင်၏သားသမီးများဖြစ်ကြသော ကျိုင်းတုံမြို့ အထက(၄) သတ္တမတန်းမှ မောင်လင်းထက်ကျော်အား မောင်ဝေဖြိုးလင်းဟုလည်းကောင်း၊ စတုတ္ထတန်းမှ မသင်းသင်းဖြိုးအား မအိအိဖြိုးဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေဖြိုးလင်း၊ မအိအိဖြိုး။**

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် နှင်းဆီလမ်း တိုက်အမှတ်(၁၁) အခန်း(၉)နေ ဟာဂျီ ဦးထွန်းလင်း- ဟာဂျီမ ဒေါ်ရီရီမြင့်တို့၏ တစ်ဦးတည်းသောသား

မောင်ဇော်မျိုးထွန်း (B.Sc, Botany)

(ရွှေစင်သီဂီ အထည်ဆိုင် မင်္ဂလာဈေး)

နှင့်

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ရေထွက်ဦးလမ်း အမှတ်(၈၅/၁၄)နေ ဦးကျော်သူ- ဒေါ်မာလာတို့၏ သမီးကြီး

မသဉ္ဇာသူ

(စတုတ္ထနှစ်-သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- မန္တလေး)

တို့သည် တောင်ကြီးမြို့နေအိမ်၌ (၁၉-၄-၂၀၀၆) ရက်တွင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မျိုးထွန်း-မသဉ္ဇာသူ။

ညှိနှိုင်းဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒိန်ချဉ်၊ရေခဲမုန့်၊ရေခဲချောင်း၊ ဂျယ်လီနှင့် ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော လုပ်ငန်းတစ်ခုလုံးကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး လုပ်ငန်းနှင့်ပတ်သက် အသုံးဝင်သော စက်များနှင့်စက်အပိုပစ္စည်းများ အပြည့်အစုံပါဝင်သည်။ စိတ်ဝင်စားသူများ တစ်လအတွင်း အမြန်ဆက်သွယ်ပါ။ ပေါက်ဈေးနှုန်းထက် အထူးသက်သာမည်။ **ဖုန်း-၅၉၁၀၂၁။**

အမည်ပြောင်း

အထက(၅)လားရှိုးမြို့ နဝမတန်း (B)မှ ဦးဆွေဦး၏သား မောင်ဝင်းဖိုလ်အား မောင်အောင်မြင့်မြတ်ဟု ခေါ်ပါရန်။

မောင်အောင်မြင့်မြတ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၄၂၀၆ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၃၈/၅၀၆၀ Toyota Hiluxယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းပြန်း ၁၃/ကတန (နိုင်)၀၁၇၇၃၇သည် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)။

'နေရဋ္ဌရာ'ကွမ်းစားနှပ်ဆေးနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၅×၃၆ လမ်းကြား၊ ၆၃×၆၄ လမ်းကြား၊ ရှေ့တန်းပြန်လမ်း၊ အမှတ်(၈/၅)နေ 'နေရဋ္ဌရာ'ကွမ်းစားနှပ်ဆေးလုပ်ငန်းပိုင်ရှင် ဦးတိုးတိုးဝင်း ၅/ကလထ(နိုင်)၀၁၅၀၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်အမှုသည် ဦးတိုးတိုးဝင်းသည် 'နေရဋ္ဌရာ' ကွမ်းစားနှပ်ဆေးကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်နံပါတ်(၁၆၇/၂၀၀၁) ဖြင့် တရားဝင်မှတ်ပုံတင်ခဲ့ပြီး တစ်ဦးတည်းမှုပိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါသည်။

ကျွန်ုပ်အမှုသည်၏'နေရဋ္ဌရာ'ကွမ်းစားနှပ်ဆေး စာတန်းအမှတ်အသား ကုန်အမှတ် တံဆိပ်ကို ဆင်တူယိုးမှားဖြစ်စေရန် ရည်ရွယ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည်ကို တိကျခိုင်လုံစွာ သိရှိရပါသည်။

ထို့ကြောင့်ကျွန်ုပ်အမှုသည်၏ 'နေရဋ္ဌရာ'ကွမ်းစားနှပ်ဆေး ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားသောအကြံဖြင့် ထုတ်လုပ်၊ဖြန့်ဖြူး၊ရောင်းချ၊ တံဆိပ်ကို ပုံနှိပ်ဒီဇိုင်းပြုလုပ်ပေးသူများအနေဖြင့် ရပ်တန်းကရပ်ရန် အလေးအနက် သတိပေး တားမြစ်လိုက်ပါသည်။

အထက်သတိပေးတားမြစ်ချက်ကို မလိုက်နာပျက်ကွက်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆုံးသတိပေးကြေညာလိုက်ပါသည်။

ဦးတိုးတိုးဝင်း	**ဦးကျော်အေး(တရားရုံးချုပ်ရှေ့နေ)**
၅/ကလထ(နိုင်)၀၁၅၀၇၅	**အမှတ်စဉ်-၄၅၂၁/၈၈**
လွှဲအပ်ညွှန်ကြားချက်အရ-	**အမှတ်-၁၁၊ ၁၁၊**
	အဝေယျာလမ်းသွယ်၊
	၂၈ လမ်း-၂၉ လမ်း၊
	၇၁ လမ်း-၇၂ လမ်းအတွင်း၊
	ပတ်ကုန်းဝန်းကျင်ရပ်၊ မန္တလေးမြို့။
	ဖုန်း-၀၉-၂၀၀၅၀၄၀။

သက်ဆိုင်သူများအား ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အရှေ့မြို့ပတ်လမ်း မြေတိုင်းရပ်ကွက်အမှတ် ၃၅စီဂျီ၊မြေကွက်အမှတ်(၁၀၁၂၊ ၁၀၁၃)ရှိ ပါမစ်အမည်ပေါက်သည် ဒေါ်အမာရီ (ကွယ်လွန်)ဖြစ်ပါသည်။ သို့သော် သိရှိရသည်မှာ ဒေါ်အမာရီသည် အဆိုပါမြေပေါ်၌ လုံးဝနေထိုင်ခဲ့ခြင်းမရှိဘဲ မိခင် ဖြစ်သူ ဒေါ်စိန်(ကွယ်လွန်)သည်သာ ကွယ်လွန်သည်ထိ နေထိုင်ခဲ့ပြီး ဒေါ်အမာရီသည် မိခင် ဒေါ်စိန်မသိရှိဘဲ မိခင် ဒေါ်စိန်၏ ခွင့်ပြုချက်မရှိဘဲ မြေချပါမစ် ရရှိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ မြေချပါမစ်သည် ပျောက်ဆုံးလျက်ရှိပြီး တစ်ဦးတစ်ယောက်ထံတွင် တရားမဝင် ရောက်ရှိနေနိုင်ပါသည်။

ဒေါ်အမာရီ၏မိခင် ဒေါ်စိန်မှ ၎င်းနှင့်အနှစ်(၂၀)ကျော်အတူနေ၍ ကွယ်လွန်ချိန်ထိ ပြုစုခဲ့သူ ဒေါ်တင်စန်းသို့ ဒေါ်အမာရီတွင်လည်း၊ အမွေဆက်ခံမည့်သူ မရှိသဖြင့် ပေးကမ်းစာချုပ်ချုပ်ဆို၍ ပေးခိုင်းခဲ့သည်ဟု သိရှိရပါသည်။ အဆိုပါ ဒေါ်တင်စန်း လက်ဝယ်မှ ယခုလက်ရှိ နေထိုင်သူ ဦးကြည်လင်းသည် သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ညှိနှိုင်းဝယ်ယူစာချုပ် ချုပ်ဆိုပြီး တရားဝင်ဝယ်ယူနေထိုင်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ အဆိုပါမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် ရထိုက်သူများကို ထိုက်သင့်သလိုညှိနှိုင်း၍ ပေးကမ်းခွဲဝေစေခြင်း၊ ဒေါ်စိန်၊ ဦးဘသန်း၊ ဒေါ်အမာရီတို့အားရည်စူး၍ကောင်းမှုကုသိုလ်ထိုက်တန်စွာလှူဒါန်းခြင်းများ ပြုလုပ်လိုပါသဖြင့် ဆက်သွယ်မှု ပြုလုပ်၍ တောင်းခံကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အကယ်၍ ဆက်သွယ်မှုမပြုကြပါက တရားဥပဒေကြောင်းအရ ပိုင်ဆိုင်မှုများကို အခိုင်အမာပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးကြည်လင်း။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ တိုက်အမှတ် ၉၂၊ အခန်းအမှတ် ၄၊ အကျယ် ၁၅ ပေ×ပေ၆၀ ရှိ မြေညီထပ်တိုက်ခန်း တစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်ဆွေဝင်း၏အဒေါ် ဒေါ်သန်းမေ (CG-၀၁၉၉၀၂)က ကိုမြတ်ဇော်(WKA-၁၈၈၇၁၃)နှင့် ဒေါ်ကျင်ထွေး (WKA-၀၁၇၅၇၇) တို့ထံမှ ၂၇-၆-၁၉၈၅ ရက်စွဲပါ အိမ်ခန်းအပြီးအပိုင်အရောင်းအဝယ်ပြုခြင်း ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်သန်းမေသည် ၆-၁၁-၁၉၉၈ ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် အဒေါ် ဒေါ်ရင်ပုနှင့်တကွ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ဆွေဝင်း၊ ဦးဆွေတိုး၊ ဦးမျိုးခင်တို့ တူ၊ တူမ သုံးဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပူးတွဲ၍ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ကြပါသည်။ ထို့နောက် အထက်ဖော်ပြပါ တိုက်ခန်းအား ၂၈-၄-၂၀၀၆ရက်စွဲပါ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အရ ဒေါ်ရင်ပု၊ ဦးဆွေတိုးနှင့် ဦးမျိုးခင်တို့က ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ခင်ဆွေဝင်းအား အပြီးအပိုင် လွှဲပြောင်းစွန့်လွှတ်လိုက်သည့်အတွက် အထက်ဖော်ပြပါရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ တိုက်အမှတ် ၉၂၊ အခန်းအမှတ် ၄၊ မြေညီထပ်တိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်ဆွေဝင်း တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိလာပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ ဤနို့တစ်စာ ထုတ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အထက်ဖော်ပြပါတိုက်ခန်းအား ဒေါ်ခင်ဆွေဝင်း တစ်ဦးသာ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း	**ဒေါ်ခင်အေးမြင့်**
H.G.P., LL.B., LL.M.	**LL.B., LL.M.**
Diploma in Business Law	**Diploma in Business Law**
Advocate	**Advocate**

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း၊

ဖုန်း-၃၉၄၅၃၇၊ ၃၉၄၇၂၅၊ ၂၄၄၀၃၈၊ ၃၇၉၈၁၂၊ ၇၀၉၅၇၅။

မရမ်းကုန်းမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို အမှတ်(၁၀) ရပ်ကွက် အမက(၇)တွင် မေ ၁ရက်က ကျင်းပရာ စာရေးဆရာမကြီး ယုဝတီဒေါ်ခင်စိန်လှိုင်က မြန်မာအမျိုးသမီးများ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာများကို ဟောပြောစဉ်။ (အမျိုးသမီးရေးရာ)

ရှာင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ပျိုးထောင်ထားသော ခြံစည်းရိုး ကြက်ဆူ ပျိုးပင် ပေါက်များကို မတ် ၂၉ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇေလင်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစည်သူဝင်းက ရှင်းလင်းပြသစဉ်။ (နယ်စပ်/စည်ပင်)

နိုင်ငံသူ နိုင်ငံသားများနှင့် ဒေသနေပြည်သူများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်

ရန်ကုန် မေ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် မြိတ်မြို့သို့ ရောက်ရှိပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တိုင်းအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် ကော့သောင်းလေဆိပ်သို့ ရောက်ရှိကြသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ပို့ဆောင်နှုတ်ဆက်

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်တို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့်ဇနီးတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မေ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal, Chalit Pukbhasuk နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဧည့်ခန်းမဆောင်သို့ ရောက်ရှိလာကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat တို့နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

NLD ပါတီသည် နိုင်ငံတော်အစိုးရလုပ်ဆောင်နေမှုများကို အပြုသဘောသုံးသပ်ရှုမြင်ခြင်းမရှိ၊ အဆိုးမြင်ဝါဒဖြင့် ဘေးထိုင်ဝေဖန်ပြစ်တင် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုကို ဖျက်လိုဖျက်ဆီးသဘောမျိုးတွေ့ရှိရ နိုင်ငံတော်အစိုးရအား ရာဇသံပေးသည့်သဘောမျိုး ကြေညာချက်ထုတ်နေမှု ပြည်သူတို့၏ သဘောဆန္ဒနှင့် ကိုက်ညီမှုမရှိ၊ ရပ်ရွာအကျိုးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ရန် ကျောက်မဲမြို့နယ် NLD ရုံးကို ပိတ်သိမ်းပြီး ပါတီဝင်အားလုံးစုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးလှမောင် (ဥက္ကဋ္ဌ၊ ရပ်ကွက်-၆၊ ကျောက်မဲမြို့)၊ ဦးစိုးဝင်း (ဒုတိယဥက္ကဋ္ဌ၊ ရပ်ကွက်-၈၊ ကျောက်မဲမြို့)၊ ဦးကျော်ဝင်း(ဒုတိယဥက္ကဋ္ဌ၊ ရပ်ကွက်-၆၊ ကျောက်မဲမြို့)၊ ဦးမောင်မောင်(အတွင်းရေးမှူး၊ ရပ်ကွက်-၆၊ ကျောက်မဲမြို့)၊ ဦးညွန့်ရွှေ(တွဲဖက်အတွင်းရေးမှူး၊ ရပ်ကွက်-၃၊ ကျောက်မဲမြို့)၊ ဦးဂန်ဂါးဗဟာဒူး(ဘဏ္ဍာရေးမှူး၊ ရပ်ကွက်-၄၊ ကျောက်မဲမြို့)၊ ဦးစိုးဝင်း(ခ)ဦးတိတ်ဗဟာဒူး(စည်းရုံးရေးမှူး၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)၊ ဦးဉာဏ်ရှိန် (စည်းရုံးရေးမှူး၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)၊ ဦးကျော်သန်း(စည်းရုံးရေးမှူး၊ ရပ်ကွက်-၂၊ ကျောက်မဲမြို့)၊ ဦးခင်မောင်မြင့်(စည်းရုံးရေးမှူး၊ ရပ်ကွက်-၃၊ ကျောက်မဲမြို့)၊ ဦးမျိုးမြင့်(စည်းရုံးရေးမှူး၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)၊ ဦးမြသန်း(စည်းရုံးရေးမှူး၊ ရပ်ကွက်-၂၊ ကျောက်မဲမြို့)၊ ဦးတင်ငွေ (စည်းရုံးရေးမှူး၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)၊ ဦးငွေးလွင်(စည်းရုံးရေးမှူး၊ ရပ်ကွက်-၈၊ ကျောက်မဲမြို့)နှင့် ဦးစိုင်းဝင်းခိုင်(စည်းရုံးရေးမှူး၊ ရပ်ကွက်-၁၊ ကျောက်မဲမြို့)တို့ ၁၅ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း

စာမျက်နှာ ၉ ကော်လံ ၆ ●

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၄ ရက်) ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး